# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်　　၂၀၁၅ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်၊ စနေနေ့၊　　အတွဲ [၅၅]၊ အမှတ် [၀၅၉]

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အယ်လ်ဘေးနီးယားလွတ်မြောက်ရေးနေ့ သဝဏ်လွှာများပို့

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘူဂျာ နီရှနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ *စာမျက်နှာ ၃ ကော်လံ ၄* ✻

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မူကြမ်းရေးဆွဲရေးစတင် သတ်မှတ်အချိန်ကာလအတွင်း မူဘောင်ရေးဆွဲနိုင်မည်ဖြစ်



နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်းရေးဆွဲရေး ကော်မတီအစည်းအဝေး(ပထမနေ့) နိုင်ငံတော်အစိုးရ အစုအဖွဲ့မှ ဦးခင်ရီ ဆွေးနွေးစဉ်။　ဓာတ်ပုံ - မင်းထက်

ရန်ကုန် နိုဝင်ဘာ ၂၇

သတင်း မောင်စိန်လွင်

**နိုင်ငံတော်အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားပြု ရှစ်ဦးစီပါဝင်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် မူကြမ်းရေးဆွဲရေးကော်မတီ အစည်းအဝေးကို ရန်ကုန်မြို့ ရွှေလီလမ်းရှိ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC) အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက စတင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။**

ယနေ့စတင်ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်း ရေးဆွဲရေးကော်မတီ အစည်းအဝေး (ပထမနေ့)ကို နိုင်ငံတော်အစိုးရ အစုအဖွဲ့မှ ဗိုလ်ချုပ်မြင့်နွယ်၊ ဦးသန်းငွေ၊ ဦးခင်ရီ၊ ဦးလှမောင်ရွှေနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ အစုအဖွဲ့မှ စိုင်းခွမ်မိန်း၊ စောကျော်ညွန့်၊ ဒေါ်စောမြရာဇာလင်း၊ ပဒိုမန်းမန်း၊ ဒေါက်တာ ဆလိုင်းလျန်မှုန်းဆာခေါင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးသုဝေ၊ ဦးစိုင်းကျော်ညွန့်၊ ဦးနိုင်ငံလင်း၊ ဒေါက်တာ အေးမောင်၊ ဦးဗိုဖမ်၊ ဦးငိုင်ဆာ့ခဲ၊ သူရဦးသက်ဆွေတို့ တက်ရောက်ခဲ့ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ❍

## အင်အားအသင့်အတင့် မြေငလျင်လှုပ်

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုဝင်ဘာ ၂၇ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီ ၃၄ မိနစ် ၄၀ စက္ကန့်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကနီမြို့၏ အရှေ့မြောက်ဘက် ၁၇ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ခ်ျတာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။ **(မိုး/ဇလ)**

## လေယာဉ်ပစ်ချမှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားက တူရကီကို စီးပွားရေးအရ ခြိမ်းခြောက်လာ

*စာ - ၄*

## မြေငလျင်လှုပ်မှုကြောင့် ကနီနှင့် ဘုတလင်မြို့တို့မှ ဘုရားစေတီအချို့ ထိခိုက်ပျက်စီး

*စာ - ၁၁*

**နတ်ဆေးလို့ပင်သူတင်စား 'ရွှေပြည်နှင်းနှင့်သာဖြူသနပ်ခါး' ဓါတ်တိုင်းဆား**



ဒေါက်တာဒေါ်ကေသီ

ကျွန်မအလုပ်စဝင်တဲ့ ရေနံချောင်းမြို့ဟာ အလွန်ပူပြင်းခြောက်သွေ့တဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ပူပြင်းသောနေဒဏ်ကြောင့် ကျွန်မပါးပြင်ပေါ်မှာ အမည်းကွက်တွေ ပေါ်လာသလို အညာမြေရဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်လည်း ကျွန်မပါးပြင်ပေါ်မှာ အဖြူကွက်တွေ ပေါ်လာခဲ့ပါတယ်။ ကျွန်မက နံ့သာဖြူသနပ်ခါးကို အရမ်းကြိုက်နှစ်သက်သူတစ်ယောက်ပါ။ 'ရွှေပြည်နှင်းနံ့သာဖြူသနပ်ခါး' ပေါ်လာတော့ ခြေဆုံးခေါင်းဆုံးလိမ်းခဲ့တာဖြင့် ကျွန်မပင်စင်ယူတဲ့ အထိပါပဲ။ ထိုသို့လိမ်းခဲ့တဲ့အကျိုးအားဖြင့် ကျွန်မမျက်နှာပေါ်က တင်းတိပ်၊ နေလောင်ကွက်တွေနဲ့ ဆောင်းရာသီအအေးဒဏ်ကြောင့်ဖြစ်သော အဖြူကွက်များ သိသိသာသာ ပျောက်ကင်းသွားတာ ကျွန်မကိုယ်တွေ့ပါပဲ။ မြင့်မားစွာကျရောက်နေတဲ့ ခရမ်းလွန်ရောင်ခြည်ကို ကာကွယ်ဖို့ဆိုရင် 'ရွှေပြည်နှင်းသနပ်ခါး'သာ အကောင်းဆုံးဖြစ်ကြောင်း ကျွန်မကိုယ်တွေ့ဖြစ်ရပ်များဖြင့် ထောက်ခံတင်ပြအပ်ပါသည်။ ရွှေပြည်နှင်းသနပ်ခါးဟာ မျက်နှာမှာ တင်းတိပ်၊ နေလောင်ကွက်နဲ့ အဖြူကွက်တွေ ပျောက်ကင်းရုံသာမက ရေချိုးပြီးတိုင်း မျက်နှာနဲ့ လက်တွေကို မထူမပါးလေးလိမ်းထားမယ်ဆိုရင်လည်း စိတ်ရောကိုယ်ပါ ကြည်လင်လန်းဆန်းမှုကို ခံစားရပါတယ်။ ကျွန်မအတွက်ကတော့ 'ရွှေပြည်နှင်းနံ့သာဖြူသနပ်ခါး'ဟာ နတ်ဆေးတစ်ပါးပါပဲ. . .

ဒေါက်တာဒေါ်ကေသီ၊ ပါမောက္ခ၊ ဌာနမှူး(ငြိမ်း)၊ သတ္တဗေဒဌာန၊ စစ်တွေတက္ကသိုလ်၊
ထပ်ဆင့်ထောက်ခံသူ ။ ။ ဒေါက်တာနှင်းနိုင်စိုး၊ ကထိက၊ သတ္တဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊

(ရွှေပြည်နှင်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈(H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ရေးသားပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။)

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အခွန်တိမ်းရှောင်မှုများ စိစစ်ဖော်ထုတ်သင့်

အခွန်အကောက်များကောက်ခံရာတွင် မကောက်သင့်မကောက်ထိုက်သောသူများထံမှ ကောက်ခံလျှင် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေပြီး ကောက်သင့်ကောက်ထိုက်သူများထံမှ မကောက်ခံလျှင်လည်း ပြည်သူလူထုကို ထိခိုက်နစ်နာစေနိုင်ပါသည်။ ဆိုလိုသည်မှာ ကောက်သင့်ကောက်ထိုက်သောသူများထံမှ အခွန်အကောက်များကို မှန်မှန်ကန်ကန်ကောက်ခံနိုင်ခြင်းမရှိလျှင် တိုင်းပြည်အတွက် ဝင်ငွေကျဆင်းနိုင်ပါသည်။ အခွန်အကောက်များကို အမှန်တကယ် ပေးဆောင်သင့်သည်ဖြစ်သော်လည်း အခွန်မပေးရအောင် နည်းအမျိုးမျိုးဖြင့်လုပ်ဆောင်နေမှုများရှိနိုင်ပါသည်။ ဤသည်မှာ အခွန်တိမ်းရှောင်ခြင်းပင်ဖြစ်ပါသည်။ တိုင်းပြည်တွင် အခွန်တိမ်းရှောင်သူ များပြားနေလျှင် တိုင်းပြည်၏ ဝင်ငွေစီးပွားကိုဆုတ်ယုတ်ထိခိုက်စေနိုင်ပါသည်။

တိုင်းပြည်၏အနာဂတ်တွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်ကကောက်ခံရရှိသော အခွန်ဝင်ငွေအပေါ် ရပ်တည်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ မှန်မှန်ကန်ကန်ရရှိရန် အရေးကြီးပေသည်။ ထို့ကြောင့်လည်း ၂၀၁၄ ခုနှစ်မှစ၍ ပြည်ထောင်စုလွှတ်တော်တွင် နှစ်စဉ်အခွန်အကောက်ဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီး မူလရှိရင်းစွဲဥပဒေများနှင့် ပေါင်းစပ်၍ အခွန်ကောက်ခံမှုကို စနစ်တကျဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင် ယခုဘဏ္ဍာနှစ် ၂၀၁၅-၂၀၁၆ ပထမခြောက်လအတွင်း ပြည်ထောင်စု၏ အခွန်ရငွေလျာထားချက် ငွေကျပ် ၂၀၂၇ ဒသမ ၆၄၂ ဘီလီယံဖြစ်ပါသည်။ အမှန်တကယ် အခွန်ကောက်ခံရရှိမှုသည် ငွေကျပ် ၂၃၅၇ ဒသမ ၈၀၅ ဘီလီယံဖြစ်သည့်အတွက် မူလရည်မှန်းချက်ထက်ပြည့်ဝစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း သိရပါသည်။ ယင်းမှာ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးမှ ကောက်ခံသော အခွန်စုစုပေါင်း ၁၈ မျိုးမှ ကောက်ခံခဲ့ခြင်းဖြစ်ကြောင်း သိရပါသည်။

မြန်မာနိုင်ငံတွင် ယခုအခါ ပြည်တွင်းပြည်ပစီးပွားရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုများ အားကောင်းလာစေရန်အတွက် လည်းကောင်း၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရန်အတွက်လည်းကောင်း အဘက်ဘက်မှ ဖြေလျှော့မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဤသို့ စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် အားကောင်းလာစေရန် မြေတောင်မြှောက် အားပေးရမည်ဖြစ်သော်လည်း အခြားတစ်ဖက်တွင်လည်း နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ရေးသည်လည်း အရေးကြီးသည့်ကိစ္စတစ်ရပ်သာဖြစ်ပါသည်။ အခွန်အကောက်မှရရှိသော ဝင်ငွေများကို တိုင်းပြည်၏ လမ်းတံတား၊ ကျောင်း၊ ဆေးရုံအစရှိသော အခြေခံ အဆောက်အုံများ တည်ဆောက်ရေးလုပ်ငန်းများတွင် ပြန်လည်သုံးစွဲလျက်ရှိပါသည်။ အခွန်အကောက်များ မှန်မှန်ကန်ကန် တိုးမြှင့်ရရှိလာမှသာ တိုင်းပြည်၏ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခွန်အကောက်များ မှန်မှန်ကန်ကန်ရရှိအောင် ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ အခွန်တိမ်းရှောင်နေမှုများကိုလည်း စိစစ်ဖော်ထုတ်၍ အခွန်အကောက်များ တိုးမြှင့်ရရှိအောင် အားလုံးက ပူးပေါင်းဆောင်ရွက်သင့်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# ထိုင်းနိုင်ငံ ၂၂ ခရိုင်ရှိ ရွှေ့ပြောင်းရေလုပ်သားများအား ပန်းရောင်ကတ်ထုတ်ပေးမည်

**ဗန်ကောက် နိုဝင်ဘာ ၂၇**

ထိုင်းနိုင်ငံ ပင်လယ်ကမ်းခြေ ၂၂ ခရိုင်အတွင်းရှိ ပင်လယ်ငါးဖမ်းလုပ်ငန်း၌ အလုပ်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းမြန်မာ၊ လာအို၊ ကမ္ဘောဒီးယားအလုပ်သမားများအား ပန်းရောင်ကတ်အသစ်ထုတ်ပေးရန် စီစဉ်ထားကြောင်း ထိုင်းအစိုးရဝန်ကြီးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ သိရသည်။

ငါးဖမ်းရေလုပ်သားများအပါအဝင် ငါး၊ ပုစွန်၊ ကဏန်းကုန်ထုတ်လုပ်မှုစက်ရုံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် အလုပ်သမားအားလုံးအား ပြုလုပ်ပေးသွားမည်ဖြစ်ပြီး အခြားစက်ရုံအလုပ်ရုံများမှ အလုပ်သမားများပါဝင်ခြင်းမရှိကြောင်း သိရသည်။

ငါးဖမ်းအလုပ်သမားမဟုတ်ဘဲ ပွဲစားဖြင့် လိမ်လည်ဆောင်ရွက်ပါက အဆိုပါကတ်မှာ အကျုံးဝင်မည်မဟုတ်ကြောင်း၊ ယင်းကတ်သည် အလုပ်ပြောင်းရွှေ့မှုခက်ခဲကြောင်း၊ ကုန်ကျစရိတ်အားဖြင့် ကျန်းမာရေးစစ်ဆေးခ၊ ကျန်းမာရေးအာမခံ တစ်နှစ်စာ၊ အလုပ်လုပ်ခွင့်တစ်နှစ်စာ ပေါင်း ဘတ် ၃၁၈၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း ထိုင်းအလုပ်သမားဝန်ကြီးဌာန ဝက်ဘ်ဆိုက်စာမျက်နှာတွင် ဖော်ပြထားသည်။

**ကျော်စိုး(ကော့သောင်း)**

# ပုဂံရွှေဟောင်းဘုရားပတ်ဝန်းကျင်၌ အရက်သေစာရောင်းချရန်မသင့်ဟု ခရီးသွားတစ်ဦးထောက်ပြ

**ထင်သာမြင်သာ ပြုပြင်စရာ**



**ပုဂံ နိုဝင်ဘာ ၂၇**

ပုဂံညောင်ဦးဒေသ၌ အနော်ရထာမင်းကြီးသည် စေတီပုထိုးအမြောက်အမြားကို တည်ဆောက်လှူဒါန်းခဲ့သည်။ ယင်းသို့ မြန်မာတို့၏ ယဉ်ကျေးမှုနယ်မြေ ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းအနုပညာလက်ရာများ အစရှိသော စေတီပုထိုးများနှင့် နန်းတွင်းခလေ့ထုံးတမ်းများ၏ နေထိုင်မှုများကိုလည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများသာမက နိုင်ငံခြားသားခရီးသွားများကလည်း အနော်ရထာမင်းကြီး၏ သီရိဇေယျာဘူမိ ရွှေနန်းတော်ကြီးအတွင်းရှိ ရှေးဟောင်းအမွေအနှစ် အနုပညာလက်ရာများ အစရှိသောပစ္စည်းများ၊ နန်းတွင်းခလေ့ ထုံးတမ်းများကို လေ့လာရင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိသည်။

သို့ရာတွင် ရှေးဟောင်းယဉ်ကျေးမှုနှင့်ဗုဒ္ဓဘာသာထွန်းကားရာဒေသတစ်ဝိုက် စေတီပုထိုးများအနီးဝန်းကျင်တွင် စားသောက်ဆိုင်များက အရက်သေစာများ ရောင်းချနေသည်ကို တွေ့နေရသည်။

“ကျွန်မတို့က သီရိလင်္ကာနိုင်ငံကပါ။ မြန်မာနိုင်ငံကိုရောက်ရင် ပုဂံညောင်ဦးကို အရင်သွားပါလို့ မိဘတွေက ပြောပြလို့ လာရောက်ကြတာပါ။ ဒီမှာရောက်တာ ၁၅ ရက်လောက်ရှိပြီ၊ ဒါပေမယ့် လေ့လာကြပေမယ့် မစုံလင်သေးပါဘူး။ မြန်မာနိုင်ငံကို လာရောက်တာကလည်း အလုပ်ကိစ္စတွေပါတော့ မနက်ဖြန်တစ်ရက် မန္တလေးကျုံးအလှနဲ့ ဦးပိန်တံတားကို လေ့လာပြီးရင် ပြန်မှာပါ။ ပုဂံညောင်ဦးမှာ နေထိုင်ရတာလည်း အဆင်ပြေပါတယ်။ ဒါပေမယ့် ရှေးဟောင်းဘုရားများရဲ့ ဝန်းကျင်မှာ စားသောက်ဆိုင်ကြီးတွေက အရက်သေစာတွေပါ ရောင်းချနေတာ အမြင်မသင့်ပါဘူး”ဟု အဆိုပါခရီးသွားနိုင်ငံခြားသူတစ်ဦးက ဆိုသည်။

**ကျော်ကျော်(မလှိုင်)**

# မြန်မာနိုင်ငံသတင်းစာဆရာအသင်း သက်ကြီးသတင်းစာပညာရှင်များ ကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၅ ရက်(စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသက် ၇၅ နှစ်နှင့်အထက် ကန်တော့ခံသက်ကြီးသတင်းစာပညာရှင်များထံ ဖိတ်စာများကြိုတင်ပေးပို့မည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၄၀၅၂၁၂၈ နှင့် ၀၉-၄၂၁၀၉၄၆၅၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **အောင်သူရ**




# မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ ဝေယာစနကျောက်စိမ်းစေတီတော်မြတ်ပရိဝုဏ်၌ ဇန်နဝါရီ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အမျိုးသားအလွတ်တန်းပြိုင်ပွဲ၊ (၂၅ နှစ်)အောက် လူသစ်တန်းပြိုင်ပွဲနှင့် အမျိုးသမီးအလွတ်တန်းပိုက်ကျော်ခြင်းပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဟု သိရသည်။

ပြိုင်ပွဲဝင်များအတွက် ခရီးစရိတ်၊ နေထိုင်မှု၊ စားသောက်မှုတို့ကို စီစဉ်ပေးမည်ဖြစ်ပြီး ဆုကြေးအဖြစ် အမျိုးသားအလွတ်တန်းတွင် ပထမဆု သိန်း ၅၀၊ ဒုတိယဆု သိန်း ၃၀၊ တတိယဆုသိန်း ၂၀၊ အမျိုးသားလူသစ်တန်းနှင့် အမျိုးသမီးအလွတ်တန်း ပြိုင်ပွဲများအတွက် ပထမဆုသိန်း ၃၀၊ ဒုတိယဆုသိန်း ၂၀၊ တတိယဆု ၁၀ သိန်းဆုမြှင့်မည်ဖြစ်သည်။ စာရင်းပေးသွင်းခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ရုံး သုဝဏ္ဏပိုက်ကျော်ခြင်းရုံအမှတ်(၁၁၆) ကံ့ကော်လမ်း သပြေကုန်း နေပြည်တော်တို့တွင် လည်းကောင်း၊ ဇန်နဝါရီ ၁ ရက် ညနေ ၄ နာရီ နောက်ဆုံးထားလက်ခံပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၇-၁၁-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

| | ရန်ကုန် | မန္တလေး |
|---|---|---|
| ဒီဇယ် | ၆၃၀/၆၄၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၅၀/၇၇၀ ကျပ် | ၈၅၀/၉၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၆၆၀/၆၇၀ ကျပ် | ၇၄၀/၇၅၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | ရန်ကုန် |
|---|---|
| ဒီဇယ် | ၅၇၀ ကျပ် |
| အောက်တိန်း၉၂ | ၅၇၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၀၀ |
| ဥရောပ | တစ်ယူရို | ၁၃၈၅·၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၂၄·၂၅ |
| ထိုင်း | တစ်ဘတ် | ၃၆·၂၉၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉·၆၀၈ |
| တရုတ် | တစ်ယွမ် | ၂၀၃·၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၉·၄၅ |

ခင်ရတနာ-စုစည်းသည်။

# အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**အမြန်လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၀။)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမြန်လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အမြန်လမ်းမကြီးများ ဥပဒေတွင်ပါရှိသော "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း"ဆိုသည့် စကားရပ်ကို "လမ်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လမ်းမကြီးများ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၂။)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းမကြီးများဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းမကြီးများဥပဒေတွင် ပါရှိသော "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း" ဆိုသည့် စကားရပ်ကို "လမ်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆၁။)**
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်
( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ဂ) တွင် ပါရှိသော "ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း"ဆိုသည့်စကားရပ်ကို "လမ်းဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

* *ရှေ့ဖုံးမှ*

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အက်ဒီရာမာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အယ်လ်ဘေးနီးယား လွတ်မြောက်ရေးနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၂၈**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင်ကျရောက်သော အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ၏ လွတ်မြောက်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အယ်လ်ဘေးနီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီမီယာ ဘူရှာတီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများ တိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်စဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုဆက်လက်လုပ်ဆောင်ရန်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အထူးအကြံပေးပုဂ္ဂိုလ်တို့သည် မြန်မာနိုင်ငံ၌အထွေထွေရွေးကောက်ပွဲအား ငြိမ်းချမ်းအောင်မြင်စွာ ကျင်းပနိုင်ခဲ့မှု၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုရေရှည်ဆောင်ရွက်နေသည့် အခြေအနေ၊ လှေစီးသွားလာသူများကိစ္စနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားရန် ကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**





# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ရမည်းသင်း နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မီးသတ်ဦးစီးဌာန၌ နိုဝင်ဘာလ ဒုတိယပတ်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကျင်းပသည်။ **(ဝဲပုံ)**

ရှေးဦးစွာ ရမည်းသင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်မြတ်အောင်က နိုင်ငံတော်အနေဖြင့်ပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းများနှင့် ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့်အခါ အရေးပေါ် ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြု ဆောင်ရွက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ကောင်းမွန်သော ရည်ရွယ်ချက်များနှင့် မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခြင်းဖြစ်ပြီး နိုင်ငံတော်က ငွေကြေးများစွာအကုန်အကျခံကာ သင်တန်းများဖွင့်လှစ်ပေးရာ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်များတိုးတက်မြင့်မားလာပြီး ပြည်သူအကျိုးကိုစွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်နိုင်သော မီးသတ်တပ်ဖွဲ့ဝင်များဖြစ်စေရန် ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(၄၁၆)**

# ဘင်္ဂလားပင်လယ်အော် တိမ်ထူထပ်နေ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **(မိုး/ဇလ)**

# လေယာဉ်ပစ်ချမှုအပေါ် လက်တုံ့ပြန်သည့်အနေဖြင့် ရုရှားက တူရကီကို စီးပွားရေးအရ ခြိမ်းခြောက်လာ

**မော်စကို နိုဝင်ဘာ ၂၇**

တူရကီက ပိုင်နက်ဝေဟင်ချိုးဖောက်မှုဖြင့် ရုရှားစစ်ဘက်လေယာဉ်တစ်စင်းကို ပစ်ချလိုက်ပြီးနောက် ရုရှားကတူရကီအပေါ် စီးပွားရေးအရ လက်တုံ့ပြန်ရန် ကြာသပတေးနေ့က ခြိမ်းခြောက်ပြောဆိုလိုက်သည်။

တူရကီအနေဖြင့် ဆီးရီးယားရှိ အိုင်အက်စ်တို့ထံမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ဝယ်ယူနေသည်ဟု ရုရှား၏စွပ်စွဲချက်များကို သမ္မတ အာဒိုဂန်က တုံ့ပြန်ပြောဆိုခဲ့သည်။ တူရကီလေတပ်က အဆိုပါစစ်လေယာဉ်ကို ပစ်ချခဲ့ခြင်းအပေါ် နေတိုးအဖွဲ့ဝင်တစ်နိုင်ငံနှင့် ရုရှားတို့အကြား အဆိုးရွားဆုံး ပဋိပက္ခဖြစ်ပွားလာနိုင်သည်ဟု ဆိုသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ကမ္ဘာ့ခေါင်းဆောင်များက နှစ်ဖက်စလုံး ပဋိပက္ခကို အရှိန်အဟုန်မြင့်တက်စေသည့်ပြောဆိုမှုများ ရှောင်ရှားကြရန် တိုက်တွန်းဆော်ဩလိုက်သည်။

စောစောပိုင်းတွင် ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒက်က ၎င်း၏အစိုးရအား တူရကီမှတင်သွင်းလာသော အစားအသောက်များ တင်းကျပ်မှုပြုလုပ်ရန်နှင့် ဖက်စပ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ထိန်းချုပ်ရေး အစီအမံများပြုလုပ်၍ အစီအမံများရေးဆွဲရေး အမိန့်ထုတ်ပြန်လိုက်သည်။

မော်စကိုအနေဖြင့် တူရကီနှင့်လေကြောင်း ပျံသန်းမှုများပြုလုပ်ရာတွင် အကန့်အသတ်ပြုလုပ်ရန်နှင့် ပူးတွဲလွတ်လပ်စွာ ကုန်သွယ်မှုဇုန် ထူထောင်ရန် ပြင်ဆင်မှုကို ဆိုင်းငံ့ထားရေး၊ တူရကီဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်မှုအတွက် တင်းကျပ်ရေးနှင့် ဒေါ်လာ ၂၀ ဘီလီယံတန်ဖိုးရှိ တူရကီတွင် ရုရှားက နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှုကို ဆိုင်းငံ့ထားရေးတို့အတွက်လည်း ပြုလုပ်နိုင်ကြောင်း ရုရှားစီးပွားရေးဝန်ကြီး အဲလက်ဇီအာယူကာယက်ဗ်က ပြောသည်။

ထိုအတောအတွင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဆီးရီးယားတွင် ရုရှားတို့၏ လေကြောင်းတိုက်ခိုက်မှု သတင်းဖလှယ်ရေးအပါအဝင် တူရကီနှင့် စစ်ရေးပူးပေါင်းဆောင်ရွက်မှုအားလုံး ဆိုင်းငံ့ထားမည်ဟုဆိုသည်။ **(ရိုက်တာ)**





# အမေရိကန်ဦးဆောင် မဟာမိတ်တပ်ပေါင်းစုများနှင့် ဆီးရီးယားရှိ အိုင်အက်စ်များကို ပူးပေါင်းတိုက်ခိုက်မည်ဟု ပူတင်ပြော

**မော်စကို နိုဝင်ဘာ ၂၇**

ရုရှားသည် ဆီးရီးယားရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အမေရိကန်ပြည်ထောင်စုအပါအဝင် ၎င်း၏ မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းလုပ်ဆောင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ထိုသို့ပူးပေါင်းလုပ်ဆောင်ခြင်းသည် အကယ်၍ တူရကီက ရုရှားလေယာဉ်ကို ထပ်မံပစ်ချမှုပြုလုပ်ပါက ဆုံးရှုံးဖွယ်ရာဖြစ်နိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားလိုက်သည်။

ကရင်မလင်နန်းတော်၌ ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်နှင့် တွေ့ဆုံဆွေးနွေးကြပြီးနောက် ရုရှားသမ္မတ ဗလာဒီမာပူတင်က တူရကီ၏လုပ်ဆောင်ချက်ကို ဒေါသထွက်မိကြောင်း၊ ဂျက်လေယာဉ်ကို ပစ်ချလိုက်ခြင်းက ၎င်း၏ မိတ်ဖက်ဖြစ်သော ရုရှားနိုင်ငံကို သစ္စာဖောက်ခြင်းပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

သို့သော်လည်း ရုရှားစစ်ဘက်ဆိုင်ရာ ဆောင်ရွက်ချက်များကို ပြင်သစ်တပ်မတော်နှင့်အတူ အရှိန်မြှင့်လုပ်ဆောင်ရန် အမိန့်ချမှတ်မည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဂျာမနီ စစ်သင်္ဘောများနှင့် ဂျက်လေယာဉ်များ အိုင်အက်စ်တို့ကို တိုက်ခိုက်ရာတွင် ကူညီမည်

**ဘာလင် နိုဝင်ဘာ ၂၇**

အိုင်အက်စ်တို့ကို တိုက်ခိုက်ချေမှုန်းရန် ဂျာမနီသည် ၎င်း၏စစ်သင်္ဘောများနှင့် ဂျက်လေယာဉ်များကို ပထမဆုံးအကြိမ်အဖြစ် အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့တွင် တပ်ဖြန့်ချထားရန် ဂျာမနီဝန်ကြီးများက နိုဝင်ဘာ ၂၆ ရက်က ဆုံးဖြတ်ချက်ချခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။ အမေရိကန်ပြည်ထောင်စုနှင့် ပြင်သစ်နိုင်ငံတို့သည် ယခုလ ပါရီတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် စစ်သွေးကြွအုပ်စုများကို ဆန့်ကျင်လေကြောင်းချီ တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်နေစဉ် ဂျာမနီကလည်း ထိုသို့ ဆုံးဖြတ်ချက်ချလိုက်ခြင်းဖြစ်သည်။

ဂျာမနီသည် တိုနေးဒိုး ကင်းထောက်ဂျက်လေယာဉ် လေးစင်းမှ ခြောက်စင်းအထိပေးပို့မည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

ဂျာမန်စစ်သင်္ဘောတစ်စင်းကလည်း ဆီးရီးယားကမ်းလွန်ပင်လယ်ပြင် ရေပိုင်နက်တွင် တပ်ဖြန့်ချထားသော ပြင်သစ်လေယာဉ်တင်သင်္ဘော ချားစ်ဒီဂေါလ်ကို အင်အားဖြည့်ထောက်ပံ့ရန်အတွက် စေလွှတ်မည်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

ပြင်သစ်နိုင်ငံသည် ရက်စက်သော အကြမ်းဖက်တိုက်ခိုက်မှုများကို ခံခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီး ရုဆူလာဗွန်ဒါလီယန်က ပြောကြားခဲ့သည်။ ထို့အတူ အဆိုပါရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများသည် ဂျာမနီနှင့် အခြားလူ့ဘောင်အဖွဲ့အစည်းများသို့ အချိန်မရွေးရောက်ရှိနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သို့သော်လည်း လွန်ခဲ့သောအပတ်က ဂျာမနီတွင် ကောက်ခံခဲ့သော လူထုစစ်တမ်းများအရ ထက်ဝက်ကျော်သော မဲဆန္ဒရှင်များက စစ်ဆင်မှုများတွင် ဂျာမနီနိုင်ငံက တိုက်ရိုက်ပါဝင်ခြင်းကို ကန့်ကွက်ကြောင်းဖော်ပြခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**



# တရုတ်နိုင်ငံက အဝေးထိန်းစနစ်ပါ ဂြိုဟ်တုတစ်လုံးကို လွှတ်တင်

**ပေကျင်း နိုဝင်ဘာ ၂၇**

တရုတ်နိုင်ငံသည် မြေမျက်နှာသွင်ပြင်အနေအထား၊ ကောက်ပဲသီးနှံနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးတို့ကို ဆန်းစစ်မှုပြုရန်အတွက် အဝေးထိန်းစနစ်ပါဂြိုဟ်တုတစ်လုံးကို နိုဝင်ဘာ ၂၇ ရက်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ Yaogan-29 ဟုခေါ်သောအဆိုပါဂြိုဟ်တုကို Long March-4C ဒုံးပျံက သယ်ဆောင်သွားခဲ့ပြီး ယင်းဒုံးပျံကို တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ရှီပြည်နယ်ရှိ တိုင်ယမ် ဒုံးပျံလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

ထိုသို့လွှတ်တင်ခြင်းသည် Long March အမျိုးအစားဒုံးပျံ၏ ၂၁၉ ကြိမ်မြောက် လွှတ်တင်ခြင်းဖြစ်သည်။ တရုတ်နိုင်ငံသည် ပထမဆုံး Yaogan အမျိုးအစား ဂြိုဟ်တု Yaogan-1 ကို ၂၀၀၆ ခုနှစ်တွင် လွှတ်တင်ခဲ့သည်။

ယင်းဂြိုဟ်တုကို မြေမျက်နှာသွင်ပြင်အနေအထား စစ်တမ်းကောက်ယူခြင်း၊ သီးနှံအထွက်များကို ခန့်မှန်းခြင်း၊ သဘာဝဘေးကယ်ဆယ်ရေးလေ့လာမှုများ ပြုလုပ်ခြင်းစသည့် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန် လွှတ်တင်လိုက်ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

Yaogan-28 လွှတ်တင်ပြီး ရက်သတ္တပတ်ကျော်ကြာပြီးနောက် Yaogan-29 ကို လွှတ်တင်လိုက်ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**



# အနောက်ပစိဖိတ်တွင် တရုတ်တို့စစ်ရေးလေ့ကျင့် ဗုံးကြဲလေယာဉ်များ ဂျပန်ကျွန်းစုအကြားမှပျံသန်း

**ပေကျင်း နိုဝင်ဘာ ၂၇**

တရုတ်ဂျက်လေယာဉ်များနှင့် ဗုံးကြဲလေယာဉ်များသည် အနောက်ပစိဖိတ်ဒေသ ဂျပန်ကျွန်းစုနှစ်ခုကြား ရေလက်ကြား၌ စစ်ရေးလေ့ကျင့်မှုအဖြစ် ပျံသန်းသွားကာ အရှေ့တရုတ်ပင်လယ်ရှိ တရုတ်၏ လေကြောင်းပိုင်နက်ဇုန်အတွင်း ကင်းလှည့်မှု ပြုလုပ်ခဲ့ကြောင်း တရုတ်လေတပ်မတော်က သောကြာနေ့တွင် ပြောသည်။

“ဒီနှစ်ထဲတရုတ်လေတပ်က အနောက်ပစိဖိတ်ဒေသမှာ လေးကြိမ်မြောက်အဖြစ် စစ်ရေးလေ့ကျင့်မှုပြုလုပ်ခဲ့ကာ ကျယ်ပြောလှတဲ့ ပင်လယ်ကို ကာကွယ်နိုင်ဖို့ လေတပ်စွမ်းရည်ကို မြှင့်တင်တဲ့သဘောပါ” ဟု တရားဝင်ဝက်ဆိုက်တစ်ခုဖြစ်သည့် မိုက်ခရိုဘလော့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

တရုတ်နှင့်ဂျပန်တို့သည် အရှေ့တရုတ်ပင်လယ်အတွင်း တရုတ်အခေါ် ဒိုင်အိုယူ၊ ဂျပန်အခေါ် ဆန်ကာကိုကျွန်းစုများနှင့် ပတ်သက်ပြီး ကာလကြာရှည်စွာ အငြင်းပွားမှုကြောင့် ဆက်ဆံရေးမှာတင်းမာလျက်ရှိသည်။ **(ရိုက်တာ)**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ကုလအထွေထွေအတွင်းရေးမှူးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဦးကိုကိုနိုင်နှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



# ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများအား ရဲစခန်းတွင်အမှုဖွင့်ထားပြီး တရားရုံး၏အဆုံးအဖြတ်ကို ရယူရမည်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၂၇

**ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ လက်ခံတွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (အောက်ပုံ)



ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား တည်ငြိမ်အေးချမ်း အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများအား ရဲစခန်းတွင် အမှုဖွင့်ထားပြီး တရားရုံး၏ အဆုံးအဖြတ်ကို ရယူရမည်ဖြစ်ကြောင်း၊ တရားမဲ့ပြုကျင့်မှုများအပေါ် ကန့်ကွက်လွှာတင်လိုပါက ရွေးကောက်ပွဲရလဒ်ကြေညာပြီး (၄၅)ရက်အတွင်း တင်ရမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် ကန့်ကွက်လွှာများအား Open Court ဖြင့် လွတ်လပ်မျှတစွာ စစ်ဆေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်းနှင့် မီဒီယာများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လာရောက်လေ့လာနိုင်ကြောင်း ပြောကြားသည်။

ယင်းနောက် မစ္စတာ ဗီဂျေနမ်ဘီးယားက ကော်မရှင်အနေဖြင့် ရွေးကောက်ပွဲအား ဘက်လိုက်မှုမရှိဘဲ ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့မှုကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ကိုယ်တိုင် အသိအမှတ်ပြုပါကြောင်းနှင့် သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ရခိုင်ပြည်နယ်တွင် အမျိုးသမီးများအား အကြမ်းဖက်မှု ဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှုစတင်

**စစ်တွေ နိုဝင်ဘာ ၂၇**

ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ အမျိုးသမီးများအား အကြမ်းဖက်မှုဆန့်ကျင်သည့် ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် နံနက် ၉ နာရီ၌ ကျင်းပရာ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးမြအောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ UNHCR မှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရခိုင်တေးသံရှင်များက "အမျိုးသမီးများကို စောင့်ရှောက်ပါ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ရခိုင်ပြည်နယ်ခေတ္တဝန်ကြီးချုပ် ဦးမြအောင်က အမှာစကားပြောကြားသည်။ UNFPA စစ်တွေမှ ကိုယ်စားလှယ်တစ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများသို့ အသိပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရာတွင် အသုံးပြုရမည့် ပိုစတာနှင့် လမ်းညွှန်စာစောင်များကို ခေတ္တဝန်ကြီးချုပ်က ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦးထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်အဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ၌ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ရခိုင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လူမှုရေးလုပ်ငန်းများတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ ပြည်နယ် ECC ဥက္ကဋ္ဌ၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးထိန်လင်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခေတ္တဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ဓမ္မကျောင်းတော် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာပြန့်ပွားရေးဗဟိုအဖွဲ့ ခွဲ(၁)၊ နေပြည်တော် ယဉ်ကျေးလိမ္မာနှစ်ပတ်လည်အစည်းအဝေးပွဲကြီးကို နေပြည်တော်ရှိ မင်္ဂလာဗျူဟာ ဓမ္မဗိမာန်တော်တွင် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက် နှစ်ရက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နှစ်ပတ်လည်အစည်းအဝေးပွဲကို မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဓမ္မကျောင်းတော်ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ကာ သင်ကြားပေးနေကြသည့် ဆရာတော်၊ သံဃာတော်များ၊ ဆရာ ဆရာမများနှင့် လူငယ်ရေးရာကို စိတ်ပါဝင်စားကြသည့် ညီနောင်အဖွဲ့အစည်းများ စုစုပေါင်း ၂၀၀၀ ကျော် တက်ရောက်ကြမည်ဟု ကျင်းပရေးကော်မတီထံမှ သိရသည်။

နှစ်ပတ်လည် အစည်းအဝေးပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို နေပြည်တော် ယဉ်ကျေးလိမ္မာစင်တာ၌ နိုဝင်ဘာ ၂၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်

**အင်းတော် နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မြသီတာ ကျေးရွာအုပ်စု ကျွန်းတောကျေးရွာ၌ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) အဆင့်မှ အလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းရှိ နန်းသူဇာကျောင်းဆောင် အပေါ်ထပ်တွင် ကျင်းပသည်။

"အခုလို ကျောင်းအဆင့် တိုးမြှင့်လိုက်တဲ့အတွက် ကျွန်တော်တို့ ကျေးရွာမှာရှိတဲ့ အလယ်တန်းအဆင့် ကျောင်းသူကျောင်းသားလေးတွေဟာ ကိုယ့်ရွာကိုယ့်ကျောင်းမှာပဲ အေးအေးချမ်းချမ်းနဲ့ ပညာသင်ရတော့မှာပါ။ ကျွန်တော်တို့ မိဘတွေအနေနဲ့လည်း ကိုယ့်ရွာ ကိုယ့်ကျောင်းဆိုတော့ အဝေးမှာတက်နေရတာထက်စာရင် ပိုပြီးတော့ စိတ်အေးရပါတယ်"ဟု အဆိုပါ ကျေးရွာမှ ဒေသခံတစ်ဦးက ပြောကြားခဲ့သည်။

"အခုလို ကျေးရွာမှာရှိတဲ့ကျောင်းတွေကို အဆင့်မြှင့်တင်ပေးတဲ့အတွက် ဒေသတွင်း ပညာရည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေပါတယ်။ ကျေးရွာမှာရှိတဲ့ မိဘပြည်သူတွေ အနေနဲ့လည်း မိမိတို့ဒေသမှာရှိတဲ့ ကျောင်းတွေကို ဆက်လက်ပြီး အဆင့်မြှင့်တင်ပေးကြဖို့ လိုပါတယ်" ဟု ကသာခရိုင် ပညာရေးမှူး ဒေါ်ကြည်ကြည်ဌေးက ပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကြက်သွန်နီဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်သည့်သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကြက်သွန်နီဈေးနှုန်းတည်ငြိမ်ရေးနှင့်ပတ်သက်သည့်သတင်းထုတ်ပြန်ချက်**

(၂၇-၁၁-၂၀၁၅)၊ နေပြည်တော်

၁။ ပြည်တွင်းကြက်သွန်နီဈေးနှုန်းမှာ ၂၀၁၅ ခုနှစ် ၊ စက်တင်ဘာလအတွင်း ပျမ်းမျှတစ်ပိဿာ ၉၀၀ိ/-၊ အောက်တိုဘာလတွင် ပျမ်းမျှတစ်ပိဿာ ၁၂၀၀ိ/-ရှိနေရာမှ နိုဝင်ဘာလ တတိယပတ်တွင်ပျမ်းမျှတစ်ပိဿာ ၄၀၀၀ိ/-နီးပါးအထိဖြစ်ပေါ်နေသည့်အပြင် ပြည်တွင်းမှ စိုက်ပျိုးထားသည့် မိုးကြက်သွန်များမှာ ဒီဇင်ဘာလကုန်အတွင်းမှ လှိုင်လှိုင်ပေါ်မည်ဖြစ်သည့်အတွက် ကြက်သွန်နီဈေးနှုန်းကြီးမြင့်မှုနှင့်တွေ့ကြုံနေရကြောင်း လေ့လာတွေ့ရှိရပါသည်။

၂။ ပြည်တွင်းကြက်သွန်နီဈေးနှုန်းတည်ငြိမ်ရေးနှင့် စားသုံးသူများဝန်ထုပ်ဝန်ပိုးမဖြစ်ပေါ်စေရေးအတွက်ရည်ရွယ်၍ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကြက်သွန်နီများအား အကန့်အသတ်ဖြင့် ပြည်တွင်းသို့တင်သွင်း၍ ပြည်တွင်းကုမ္ပဏီများအား မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သုံးသီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း၏ ကြီးကြပ်မှုဖြင့် ခွင့်ပြုတင်သွင်းစေမည်ဖြစ်ပါသည်။

၃။ မည်သည့်ပြည်တွင်းလုပ်ငန်းရှင်၊ ကုမ္ပဏီများကိုမဆိုကြက်သွန်နီပြည်ပမှ တင်သွင်းခွင့်တင်ပြလျှောက်ထားလာပါကလည်း သတ်မှတ်ချက်နှင့် ကိုက်ညီပါက ဆက်လက်ခွင့်ပြုပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ**

# အခွန်အကောက်ရငွေသည် ဒေသတွင်းနိုင်ငံတွေနဲ့နှိုင်းယှဉ်လျှင် တစ်မျိုးသားလုံးရဲ့ အခွန်အခနဲ့ ဝင်ငွေအချိုးချရင် ၁၀ ရဲ့အောက်မှာရှိ

**"ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှာပါတဲ့ ကြွေးမြီစီမံခန့်ခွဲမှု (Debt Management) ကနေ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရဲ့ နည်းပညာအကူအညီနဲ့ နိုင်ငံတကာအဆင့်မီဆောင်ရွက်နေပါတယ်။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု (Public Debt Management Law) ရေးဆွဲပြီး လွှတ်တော်ပို့ထားပြီးဖြစ်ပါတယ်။"**

**ဦးမောင်မောင်ဝင်း(အမြဲတမ်းအတွင်းဝန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန)**

**ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံ၏ဘဏ္ဍာငွေရရှိမှုနှင့် သုံးစွဲမှုများ မည်သို့ဆောင်ရွက်သည်ကို နှစ်စဉ်ကိန်းဂဏန်းအတိအကျဖြင့် နှစ်စဉ်ဖော်ပြပေးလျက်ရှိရာ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲမှု၊ ပြည်ထောင်စုရသုံးမှန်းခြေငွေစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ရသုံးမှန်းခြေငွေစာရင်းဆက်စပ်မှု၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အခွန်ဆိုင်ရာများပြုပြင်ပြောင်းလဲမှု၊ ဥပဒေများပြင်ဆင်ဖြည့်စွက်ရေးဆွဲခဲ့မှု၊ ပြည်တွင်း/ပြည်ပ ကြွေးမြီဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမောင်မောင်ဝင်းနှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်-**

**မေး ။ ပြည်တွင်း၊ ပြည်ပ ကြွေးမြီတွေနဲ့ပတ်သက်ပြီး ဝေဖန်မှုတွေရှိပါတယ်။ ကြွေးမြီကိစ္စ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာလည်း သိပါရစေ။**

ဖြေ ။ ပြည်တွင်း၊ ပြည်ပ ကြွေးမြီများနဲ့ ပတ်သက်ပြီး နိုင်ငံတော်ရဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူပြီးတော့မှ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်မှာ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေတဲ့အတွက်ကြောင့် ပြည်တွင်းကြွေးမြီလည်း ရှိပါတယ်။ ပြည်ပကြွေးမြီတွေလည်းရှိပါတယ်။ ပြည်တွင်းကြွေးမြီက အဓိကက နိုင်ငံတော်ရဲ့သုံးငွေနဲ့ရငွေပါပဲ။ သုံးငွေပိုများရင် လိုငွေဖြစ်တယ်။ ဒီလိုငွေက နှစ်စဉ်ပေါ်ပေါက်နိုင်တယ်။ ဒီနှစ်လိုငွေကို ရှေးနှစ်ပိုငွေပြန်ပေါ်လို့ ပြန်ချေနိုင်တယ်ဆိုရင် ကျေသွားမှာပါ။ ကြွေးမြီမရှိနိုင်ဘူး။ သို့သော် နိုင်ငံတော်အစိုးရအဆက်ဆက်က ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေဆောင်ရွက်ရတဲ့အခြေအနေ၊ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေရရှိမှုအနေအထား၊ သုံးစွဲမှုအနေအထား၊ အဲဒီအနေအထားတွေအရ နှစ်စဉ်လိုလိုပဲ လိုငွေတွေပေါ်ပေါက်ပါတယ်။ ဒီလိုငွေကို ပြည်တွင်းကနေ ချေးငွေရယူဖြည့်ဆည်းပြီး စာရင်းကိုပိတ်ရပါတယ်။ အဲဒီတော့ ပြည်တွင်းကြွေးမြီတွေက အတိုင်းအတာတစ်ခုအထိ ရှိနေပါတယ်။

ပြည်တွင်းကြွေးမြီတွေကို နိုင်ငံတော်အစိုးရက ဘယ်လိုပုံစံနဲ့ ယူလဲဆိုတော့ အဓိကနည်းလမ်း နှစ်သွယ်နဲ့ ချေးယူရပါတယ်။ ပထမနည်းလမ်းကတော့ အစိုးရငွေချေးစာချုပ်၊ ငွေတိုက်စာချုပ် (Government Treasury Bond) လို့ခေါ်တယ်။ ဒီစာချုပ်တွေက နှစ်နှစ်၊ သုံးနှစ်၊ ငါးနှစ်သက်တမ်းတွေ ရှိပါတယ်။ သက်တမ်းအလိုက် မတူညီတဲ့ အတိုးနှုန်းတွေပေးပြီးတော့ ရယူတာဖြစ်ပါတယ်။ ဒီအစိုးရရဲ့ ငွေတိုက်စာချုပ်တွေကို အဓိကအားဖြင့် ငွေရေးကြေးရေးအဖွဲ့အစည်းတွေရော၊ အခြားသောကုမ္ပဏီ၊ လူပုဂ္ဂိုလ်တွေကိုရော၊ တစ်ဦးချင်းစီကိုရော အားလုံးကိုရောင်းချပေးပါတယ်။ ကျသင့်တဲ့အတိုးကို ခြောက်လတစ်ကြိမ် ပေးပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အတိုးပေးပြီး ချေးငွေရယူခြင်းဖြစ်ပါတယ်။

နောက်တစ်ခုက (Treasure Bill) အစိုးရရဲ့ ငွေတိုက်လက်မှတ်က ကာလတို လောလောဆယ် သက်တမ်းသုံးလဖြစ်ပါတယ်။ ကာလတိုအတွင်းမှာ ငွေပြန်ဖော်နိုင်တဲ့အတွက်ကြောင့် အတိုးနှုန်းကို Treasure Bond လောက် မပေးရပါဘူး။ ၄ ရာခိုင်နှုန်းနဲ့ ပေးပါတယ်။ အဓိကအားဖြင့် အတိုးနှုန်းနည်းတဲ့အတွက်ကြောင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့၊ ကုမ္ပဏီတို့က ရင်းနှီးမြှုပ်နှံတာမရှိပါဘူး။ အဓိကငွေရေးကြေးရေးအဖွဲ့အစည်းတွေဖြစ်တဲ့ ဘဏ်တွေနဲ့ ဗဟိုဘဏ်က ဖြည့်ဆည်းပေးခြင်းဖြစ်ပါတယ်။ ဒီလိုနည်းက သက်သာတယ်။ တစ်နှစ်ကို ၄ ရာခိုင်နှုန်းပဲပေးရတယ်။ တစ်ဖက်က ဘာရှိလဲဆိုတော့ နိုင်ငံတော်ဗဟိုဘဏ်က ခပ်များများယူလိုက်ရင်တော့ ဗဟိုဘဏ်ဟာ နိုင်ငံတော်ရဲ့တစ်ခုတည်းသော ငွေစက္ကူရိုက်နှိပ်ခွင့်ရှိတဲ့ အဖွဲ့အစည်းတစ်ခုဖြစ်ပါတယ်။ ဗဟိုဘဏ်က ယူတာများရင်၊ ငွေစက္ကူတွေ များများရိုက်နှိပ်ရရင် ငွေကြေးသီအိုရီအရ ငွေတွေဈေးကွက်ထဲ ဖောင်းပွလာမယ်ဆိုတဲ့ ယူဆချက်တွေရှိပါတယ်။ အတိအကျကြီးမဟုတ်ပေမယ့် မှန်သင့်သလောက် မှန်ပါတယ်။ ဒါကိုလျှော့ချဖို့ ကြိုးပမ်းတဲ့အတွက်ကြောင့် ဗဟိုဘဏ်က ငွေတိုက်လက်မှတ်နဲ့ ချေးယူဖြည့်ဆည်းတဲ့ နည်းလမ်းယူတဲ့အတိုင်းအတာကို လျှော့ချပြီးတော့မှ သူလည်းပဲ ပြည်သူလူထုတွေအားလုံး ရင်းနှီးမြှုပ်နှံနိုင်အောင် စတင်ပြီးတော့ ကြိုးပမ်းနေပြီဖြစ်ပါတယ်။

Treasury Bill Auction ငွေတိုက်လက်မှတ် လေလံနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီကစပြီး နှစ်ပတ်ကိုတစ်ခါ လုပ်နေပါတယ်။ ဆက်ပြီးလုပ်နေဦးမှာပါ။ ရန်ကုန်မြို့မှာရှိတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှာလုပ်နေပါတယ်။ ပထမ



ဦးမောင်မောင်ဝင်း (အမြဲတမ်း အတွင်းဝန်၊ ဘဏ္ဍာရေးဝန်ကြီးဌာန)

ဦးဆုံးအနေနဲ့ ငွေရေးကြေးရေးအဖွဲ့အစည်းတွေကိုပဲ လေလံကို ဝင်ခွင့်ပြုထားပါသေးတယ်။ ငွေရေးကြေးရေးအဖွဲ့အစည်းတွေဖြစ်တဲ့ ဘဏ်တွေက ကမ်းလှမ်းတဲ့ဈေးနဲ့ ကျွန်တော်တို့က ရောင်းရမယ့်ဈေးနဲ့ အရင်တုန်းက အတိုးနှုန်းက ၄ ရာခိုင်နှုန်းနဲ့ရပေမယ့် ပထမဦးဆုံး ၇ လောက်စပေးရတယ်။ အခု ၇ ကနေ ၈ ဒသမ ၁၊ ၈ ဒသမ ၁၅ အထိ တက်လာပါတယ်။ ပြည်သူလူထုဆီကယူရတဲ့ အတိုးဝန်ထုပ်ဝန်ပိုး မြင့်တက်လာပါတယ်။ ဆိုလိုတာကတော့ ဗဟိုဘဏ်ကလျှော့ချပြီးတော့ တစ်ဖက်က ပြည်သူလူထုဆီကချေးယူဖို့ ကြိုးစားတဲ့အချိန်မှာ အစိုးရအတွက် ပေးရတဲ့အတိုး၊ ငွေတိုက်စာချုပ်တို့၊ ငွေတိုက်လက်မှတ်တို့ပေါ်မှာ ပေးရတဲ့အတိုး ဝန်ထုပ်ဝန်ပိုးမြင့်တက်လာတယ်။ ဒါကိုလည်း အစိုးရအနေနဲ့ အမြဲတမ်း မျက်ခြည်မပြတ် စောင့်ကြည့်ပြီး စီမံခန့်ခွဲရတဲ့အနေအထားဖြစ်ပါတယ်။

နောက်တစ်ခုက ပြည်ပကြွေးမြီ၊ လွှတ်တော်ကိုယ်စားလှယ်တွေဆွေးနွေးကြတာ၊ ဂျာနယ်တွေမှာ ရေးကြတာတွေလည်း ပါပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ပြည်ပကြွေးမြီနဲ့ မကင်းနိုင်ပါဘူး။ ပြည်ပကြွေးမြီနဲ့ ပတ်သက်လို့ရှိရင် ၁၉၈၈ ခုနှစ်မတိုင်ခင်က ယူခဲ့တဲ့အကြွေးနဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်း ယူခဲ့တဲ့အကြွေးတွေရှိပါတယ်။ နောက် ၂၀၁၁ ခုနှစ် အခုကျွန်တော်တို့ အစိုးရလက်ထက်က ယူခဲ့တဲ့ကြွေးတွေလည်းရှိပါတယ်။ ပြည်ပကြွေးမြီနဲ့ ပတ်သက်တဲ့ ကိန်းဂဏန်းများ အနေအထားဟာ အချိန်နဲ့အမျှ ပြောင်းလဲမှုရှိပါတယ်။ ဒီနေ့ လွှတ်တော်ကအတည်ပြုတဲ့ ကြွေးမြီကိန်းဂဏန်း၊ တကယ်ထုတ်ယူရရှိတဲ့ ကြွေးမြီကိန်းဂဏန်း၊ တကယ်ပြန်လည်ပေးဆပ်ဖို့ကျန်တဲ့ ကြွေးမြီကိန်းဂဏန်းတွေဟာ တစ်ခုနဲ့တစ်ခု မတူကြပါဘူး။ ကြွေးမြီအဟောင်းတွေလည်း ရှိပါတယ်။ ကြွေးမြီအသစ်တွေလည်း ရှိပါတယ်။ ပြည်ပကြွေးမြီကို ယူပြီဆိုကတည်းက သူ့သက်တမ်းနဲ့သူ၊ သူ့အတိုးနှုန်းနဲ့သူ ခွဲခြားပြီးယူရတာဖြစ်ပါတယ်။ စနစ်တကျနဲ့ စာချုပ်ချုပ်ဆိုပြီးတော့မှ နှစ်နိုင်ငံအကြား၊ နှစ်ဖက်အဖွဲ့အစည်းကြား စာချုပ်ချုပ်ဆိုပြီးတော့မှ ယူရတာဖြစ်ပါတယ်။

၂၀၁၁ ခုနှစ်နောက်ပိုင်းမှာ ယူခဲ့တဲ့ကြွေးမြီတွေဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆက်စပ်တဲ့ ဥပဒေတွေအရ ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်ယူနိုင်မှ ဖြစ်ပါတယ်။ ပြည်ပကြွေးမြီတစ်ခု ယူတော့မယ်ဆိုရင် ပထမဦးဆုံးကြွေးမြီယူမယ့် အဖွဲ့အစည်းတွေကနေပြီး ပထမဦးဆုံးယူချင်တဲ့လုပ်ငန်း၊ ယူချင်တဲ့ပမာဏတွေကို စဉ်းစားရမယ်။ စဉ်းစားပြီးရင် ပေးမယ့်သူနဲ့ယူမယ့်သူ ဆွေးနွေးဖို့လိုပါတယ်။ ဆွေးနွေးပြီးမှ ကြွေးမြီရယူလိုပါတယ်ဆိုရင် ပြည်တွင်းလုပ်ငန်းစဉ်တွေအရ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို ကြွေးမြီရယူမယ့် ဝန်ကြီးဌာနက ပထမဦးဆုံးတင်ပြရတာ ဖြစ်ပါတယ်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကစိစစ်ပြီးရင် သမ္မတရုံးဝန်ကြီးဦးစီးတဲ့ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးလုပ်ငန်းကော်မတီကို တင်ပြပါတယ်။ ဒီကော်မတီကစိစစ်ပြီး အတည်ပြုတယ်ဆိုရင် သမ္မတဦးဆောင်တဲ့ နိုင်ငံခြားအကူအညီအထောက်အပံ့ စီမံခန့်ခွဲရေးဗဟိုကော်မတီကို တင်ပြပါတယ်။ ဒီလိုကော်မတီနှစ်ရပ်လုံးက အတည်ပြုတဲ့အခါမှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ဘဏ္ဍာရေးဝန်ကြီးဌာနဆီကို ချေးငွေယူဖို့ကိစ္စအတွက် ပြည်ထောင်စုလွှတ်တော်နဲ့ ဆက်လက်ပြီးဆောင်ရွက်ပေးဖို့ အကြောင်းကြားပါတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနက နိုင်ငံတော်သမ္မတရုံးနဲ့ အစိုးရအဖွဲ့ရုံးတွေမှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်ကို နိုင်ငံတော်သမ္မတထံက သဝဏ်လွှာပေးပို့ဖို့ လုပ်ရပါတယ်။

ဒီသဝဏ်လွှာ လွှတ်တော်သို့ရောက်ရှိတဲ့အချိန်မှာ လွှတ်တော်အနေနဲ့လည်း ချေးငွေတစ်ခုကိုရယူဖို့အတွက် ချေးငွေရယူမယ့် သက်ဆိုင်ရာဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတွေက လွှတ်တော်မှာ ရှင်းလင်းတင်ပြရပါတယ်။ ဒီရှင်းလင်းတင်ပြချက်တွေအပေါ်မှာ လွှတ်တော်ကိုယ်စားလှယ်အသီးသီးက ပြန်လည်မေးမြန်းတာ၊ ဆွေးနွေးတာ၊ ဝေဖန်တာတွေလုပ်ပါတယ်။ အဲ့ဒါတွေလုပ်ပြီး နောက်ဆုံးမှာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုဆုံးဖြတ်တဲ့ အတည်ပြုချက်ရရှိပြီဆိုရင် ဘဏ္ဍာရေးဝန်ကြီးဌာနအနေနဲ့ ယူမယ့်သူနဲ့ ဒီဘက်ကလက်ခံမယ့်သူကြားထဲက ချေးငွေညှိနှိုင်းရေးလုပ်ငန်းတွေ ဆက်လုပ်ရပါတယ်။ ဒီအဆင့်က စာချုပ်အဆင့်ရောက်ပြီ။ ဘယ်လိုစာချုပ်ချုပ်မယ်။ စာချုပ်မူကြမ်းကို သက်ဆိုင်ရာဌာနတွေနဲ့ ဝိုင်းပြီးတော့ ဆွေးနွေးရမယ်။ နစ်နာမယ့် အချက်တွေဆိုရင် တစ်ဖက်နိုင်ငံနဲ့ တစ်ဖက်အဖွဲ့အစည်းတွေကို ပြန်ပြီးပြောရပါတယ်။ သူ့ဘက်ကလည်း ပြန်လျှော့ပေးတာ၊ တောင်းဆိုတာတွေ ရှိပါတယ်။ ကိုယ့်ဘက်က လိုက်လျောနိုင်တဲ့ Chance ရှိရင် လိုက်လျောပေးတာရှိပါတယ်။ အထူးသဖြင့် မိမိနိုင်ငံ နစ်နာမှုမရှိရလေအောင်၊ ပြည့်စုံအောင်စဉ်းစားပြီးတော့မှ ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလိုအပြန်အလှန်ညှိနှိုင်းဖို့ အချိန်အတိုင်းအတာတစ်ခု ယူရပါတယ်။ နောက်ဆုံးမှာ နှစ်ဖက်စလုံး သဘောတူညီပြီဆိုရင် စာချုပ်ချုပ်ဆိုလက်မှတ်ထိုးပြီး ချေးရမယ်။ ဒီလိုချေးတဲ့အခါမှာ အတိုးနှုန်းဘယ်လောက်နဲ့ ချေးမလဲ။ ချေးငွေရဲ့ သက်တမ်းကာလ ဘယ်လောက်ရှိလဲ။ ဒီသက်တမ်းကာလအတွင်းမှာ အရင်းပြန်မဆပ်ရသေးတဲ့ ဆိုင်းငံ့ကာလလို့ခေါ်တဲ့ Base Period ဘယ်လောက်ရှိမလဲ။ ချေးငွေတစ်ခုလုံးကို အတိုးရော အရင်းပါ ပြန်ဆပ်ဖို့ကာလ ဘယ်လောက်ရှိမလဲ။ တချို့ချေးငွေတွေက အနှစ် ၂၀၊ ၃၀၊ ၄၀ စသဖြင့် ရှိတယ်။ အတိုးနှုန်းသက်သက်သာသာနဲ့ ကာလရှည်ရရှိနိုင်တဲ့ ချေးငွေကို ရွေးချယ်ပြီးတော့ ယူရတာဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်တဲ့ ချေးငွေဖြစ်ပါတယ်။

အကယ်၍ နိုင်ငံတော်က လိုအပ်ချက်အရ Commercial Loan ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမဟုတ်တဲ့ ချေးငွေမျိုးဆိုရင်လည်းပဲ ပြန်ရရှိတဲ့အနေအထား၊ ပြန်ဆပ်နိုင်တဲ့အနေအထားရှိရင် အကောင်အထည်ဖော် ဆောင်ရွက်တဲ့အခါမှာ ပြည်သူလူထုအတွက် ရရှိမှုအကျိုးကျေးဇူး စသဖြင့် ကြည့်ပြီးတော့မှ ချင့်ချိန်ပြီး လုပ်ငန်းစဉ်အဆင့်ဆင့်ကို ဖြတ်သန်းပြီးတော့မှ ရယူတာမျိုးလည်း ရှိပါတယ်။ ဒီလိုအခါမျိုးကျတော့ ဖွံ့ဖြိုးရေးချေးငွေတွေမှာ အတိုးနှုန်းသက်သာချင်မှ သက်သာမယ်။ သို့ရာတွင် ပြည်သူလူထုအတွက် အကျိုးရှိမယ်။ ပြည်တွင်းနဲ့ အခြားသောဇာစ်မြစ်တွေ၊ နေရာဒေသတွေက ယူမယ်ဆိုရင်တော့ အတိုးနှုန်းတွေကြီးနိုင်မယ်။ ပြီးတော့ ဒီလိုချေးငွေမျိုးကလည်း ကျန်တဲ့အချိန်တွေဆိုမရနိုင်ဘူး စသဖြင့် ဒီလိုအခြေအနေမျိုးတွေ ရှိတယ်ဆိုရင် ဒါကိုယူသင့်တယ်ဆိုရင် လွှတ်တော်အထိ တင်ပြပြီး အတည်ပြုဆွေးနွေးဖို့ရှိပါတယ်။

ကြွေးမြီချေးယူမှုခံနိုင်ရည် ဆန်းစစ်ရရင် ဒီနိုင်ငံရဲ့ အနေအထားနဲ့ မိမိနိုင်ငံရဲ့ GDP ရရှိမှုအနေအထား၊ နှစ်အလိုက်ပြန်ဆပ်ရမယ့် အနေအထား၊ ဒီအပေါ်မှာ အန္တရာယ်ရှိနေပြီလား။ သိပ်များလည်းပဲ ရှိသင့်ရှိထိုက်တဲ့ အတိုင်းအတာထက် နည်းလည်းနည်းနေလားဆိုတာ Technically တွက်ချက်ပြီး မိမိနိုင်ငံက ဝင်ငွေနည်းတဲ့နိုင်ငံလား၊ ဝင်ငွေများတဲ့နိုင်ငံလား၊ Debt to GDP Ratio ဝင်ငွေနည်းတဲ့နိုင်ငံဆိုရင် ကြွေးမြီတွေကို GDP နဲ့ နှိုင်းစာလျှင် ဘယ်လောက်ပဲယူသင့်တယ်ဆိုတာ ရာခိုင်နှုန်းအားဖြင့် ရှိပြီးသားပါ။ DAG မှာလည်း ကြွေးမြီနဲ့ GDP အချိုးအစား၊ ကျွန်တော်တို့နိုင်ငံက ဘယ်လောက်အထိ ယူသင့်တယ်ဆိုတာရှိပါတယ်။

လက်ရှိကြွေးမြီအခြေအနေဟာ ခံနိုင်ရည်ရှိနေသေးတာ တွေ့ရှိရပါတယ်။ ဘယ်အချိန်ကျရင် ကြွေးမြီခံနိုင်ရည်ရှိမှုကို ထိခိုက်လာပြီ၊ ခံနိုင်ရည်မရှိတော့ပါဘူးဆိုတာ သတိပေးရတာတွေလုပ်ရမှာပါ။ ဥပမာ- ဒီနေ့ ပြည်ပကြွေးမြီသည် မြန်မာငွေနဲ့ ၁၀ ဒသမ ၂ ထရီလီယံ ရှိတယ်ဆိုပေမယ့် နောက်တစ်လ၊ နှစ်လအတွင်းမှာ ၉ ထရီလီယံလည်းဖြစ်ရင် ဖြစ်သွားနိုင်တယ်။ ဒီကနေ့ လွှတ်တော်ကအတည်ပြုတဲ့ဂဏန်း၊ တကယ်ထုတ်တဲ့ဂဏန်း၊ အဲဒီအချိန်တွင်းမှာ တကယ်ဆပ်နေတာတွေကဆပ်နေပြီ။ အဲဒါတွေအကုန်လုံးကို ချေလိုက်တော့မှ လက်ရှိတကယ်ရှိတဲ့ ဂဏန်းထွက်လာမှာပါ။ ဒီနေ့ဂဏန်းနဲ့ မနက်ဖြန် ဂဏန်းမတူပါဘူး။ နိုင်ငံတကာကြွေးမြီတွေကလည်း ရက်နဲ့အမျှပြောင်းလဲနေမှာပါ။ ဘယ်လိုပြောင်းလဲတယ်ဆိုတာ ငွေတိုက်ဦးစီးဌာနက အသိဆုံးပါပဲ။ ဘဏ္ဍာရေးဝန်ကြီးဌာနကလည်း အခါအားလျော်စွာ လွှတ်တော်မှာ ပြည်တွင်း/ပြည်ပ ကြွေးမြီအခြေအနေတွေကို ဘယ်လောက်ရှိတယ်ဆိုတာ တင်သွင်းရှင်းလင်းတာ ရှိပါတယ်။ အရင်တုန်းက ကြွေးမြီကို မှတ်တမ်းတင်ထားတဲ့ အဆင့်ပဲရှိပါတယ်။ ယူသင့်လား၊ မယူသင့်လား။ ဒါတွေကို ဘယ်လိုပြန်ဆပ်မလဲဆိုတဲ့ ခန့်မှန်းတွက်ချက်တဲ့အပိုင်း ပါပါတယ်။ ရှေးအလားအလာ ဘယ်လိုရှိမလဲဆိုတာ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုမှာပါတဲ့ ကြွေးမြီစီမံခန့်ခွဲမှု Debt Management ကနေ နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နေပါတယ်။

ဒါကို အာရှဖွံ့ဖြိုးရေးဘဏ်(ADB)ရဲ့ နည်းပညာအကူအညီနဲ့ ဆောင်ရွက်နေပါတယ်။ ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု (Public Debt Management Law)အသစ်ရေးဆွဲပြီး လွှတ်တော်ပို့ထားပြီးဖြစ်ပါတယ်။ ဒီဥပဒေထွက်လာရင် နိုင်ငံတော်အစိုးရအနေနဲ့ ပြည်တွင်း၊ ပြည်ပ ကြွေးမြီများနဲ့ပတ်သက်ပြီး စီမံခန့်ခွဲရမယ့်အချက်တွေကို အတိအကျပြဋ္ဌာန်းကာ လိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဌာန Debt Management နဲ့ Cash Management ဌာန ကြွေးမြီမှတ်တမ်းတင်တာ၊ ကြွေးမြီအစီရင်ခံတာ၊ ဆန်းစစ်တာ၊ ကြွေးမြီကို ခံနိုင်ရည် ရှိ/မရှိ ဆန်းစစ်ပြီး စီမံဆောင်ရွက်သွားမှာပါ။ ဒါနဲ့ပတ်သက်ပြီးတော့ ပြည်တွင်းဖြစ်စေ၊ ပြည်ပဖြစ်စေ ကြွေးမြီနဲ့ပတ်သက်ပြီး သိလိုတာရှိရင် ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာနကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်။

**မေး ။ နိုင်ငံရဲ့ ငွေကြေးဖောင်းပွမှု ဘယ်လိုရှိတယ်။ ဘယ်လို ကိုင်တွယ်နေတယ်ဆိုတာကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ငွေကြေးဖောင်းပွမှုနှုန်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက တွက်ချက်ပါတယ်။ တွက်ချက်ပြီးတော့ ခြောက်လပတ်အစီရင်ခံစာတို့၊ နှစ်ပတ်လည်အစီရင်ခံစာတို့ ထုတ်ပြန်ပါတယ်။ ငွေကြေးဖောင်းပွမှုနှုန်းက အရင်နှစ်ထက်စာရင် မြင့်တက်လာတယ်ဆိုပေမယ့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းတွေက ခန့်မှန်းတာကတော့ အရင်က Single Digit တွေပဲရှိပါတယ်။ အခု Double Digit ရှိနေပါပြီ။ တိတိကျကျတော့ပြောလို့မရဘူး။ တစ်ပြည်လုံး အတိုင်းအတာနဲ့ ငွေကြေးဖောင်းပွမှု အထိုက်အလျောက်

*စာမျက်နှာ ၇ သို့*

# ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**ဟားခါး နိုဝင်ဘာ ၂၇**

ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၅) ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်း၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦး တက်ရောက် ခဲ့ကြသည်။ **(ယာပုံ)**

ယနေ့ အစည်းအဝေးတွင် အစည်းအဝေးပထမနေ့က ချင်းပြည်နယ်အစိုးရအဖွဲ့က တင်သွင်းခဲ့သော ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စား လှယ်ခုနစ်ဦးက ဆွေးနွေးကြပြီး ဆွေးနွေးချက်အပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးကာ ပြည်နယ်လွှတ်တော်က အတည်ပြုသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက အရေးကြီးအဆိုတင်သွင်းရာ ယင်းအဆိုနှင့် ပတ်သက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းပြီး အဆိုရှင်၏ဆန္ဒအရ လွှတ်တော်က မှတ်တမ်းတင်ကာ ပထမအကြိမ် ချင်းပြည်နယ်လွှတ်တော် အရေးပေါ်အစည်း အဝေး(၁/၂၀၁၅)ကို မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**




# ရွှေဂုန်(လင့်လမ်း)အိမ်ရာ ပြန်လည်စည်ပင်ရေးစီမံကိန်းလုပ်ငန်းများနှင့် ရောဝဏ်နှင့် ရတနာအထပ်မြင့်စီမံကိန်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၇

**ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့ ရွှေဂုန်(လင့်လမ်း)အိမ်ရာ ပြန်လည်စည်ပင်ရေးစီမံကိန်းနှင့် အဆောက်အအုံအတွင်း အခန်းများဖွဲ့စည်းထားရှိမှုများကို နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။**

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး သည် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ရောဝဏ် နှင့်ရတနာအထပ်မြင့် စီမံကိန်း လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင် တွင် ဒုတိယညွှန်ကြားရေးမှူးချုပ်က ဌာနအနေဖြင့် တာဝန်ယူတည် ဆောက်လျက်ရှိသည့် အဆောက် အအုံ ၁၁ လုံးနှင့် ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် အဆောက်အအုံ ၃၈ လုံးတို့ လုပ်ငန်း များ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယ ဝန်ကြီးက ဌာနအနေဖြင့် ဆောင်ရွက် လျက်ရှိသည့် အဆောက်အအုံ ၁၁ လုံးအနက် အဆောက်အအုံ အထူး အဖွဲ့(၂)က တည်ဆောက်လျက်ရှိ သည့် Building G/30 မှာ ၁၃ ထပ် အထိ ဆောင်ရွက်ပြီးစီးလျက်ရှိပြီး ကျန်အဆောက်အအုံများကို လည်း သတ်မှတ်ကာလပြီးစီးရေး၊ အဆောက် အအုံများအားလုံး လျှပ်စစ်မီးနှင့် ရေရရှိရေးအတွက် လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ရေရရှိရေးအတွက် အဝီစိရေတွင်းများကို သတ်မှတ် အနက်ပေရောက်သည်အထိ သောက် သုံးရေရရှိရေး ဆောင်ရွက်သကဲ့သို့ ပဲခူးမြစ်ရေကိုသန့်စင်ကာ ပြည်သူ များအတွက် ကောင်းမွန်၍ ငွေကြေး ကုန်ကျမှု ခြိုးခြံချွေတာပြီး ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ ပထမအဆင့် ဦးစားပေး အဆောက်အအုံ ၁၁ လုံး ကို ၂၀၁၆ ခုနှစ် မတ်လအပြီး လုပ်ငန်း Program များဖြင့် ဆောင်ရွက် သကဲ့သို့ အကျိုးတူကုမ္ပဏီများနှင့် ဆောင်ရွက်လျက်ရှိသည့် အထပ်မြင့် အဆောက်အအုံ ၃၈ လုံးကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး နှင့် အဆောက်အအုံတစ်လုံးချင်းစီ၏ လုပ်ငန်း Program များ ရေးဆွဲ၍ တာဝန်ရှိသူများမှ အမြဲမပြတ်ကြပ်မတ် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

# နွေစပါးနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရန် စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေး

**ကျောင်းကုန်း နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ နွေစပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ကျောင်းကုန်းမြို့နယ်ဘဏ်ခွဲမှ အောက်တိုဘာ ၈ ရက်က စတင်ထုတ်ချေးပြီး နိုဝင်ဘာ ၂၀ ရက်အထိ ကျေးရွာအုပ်စု ၃၈ အုပ်စု၊ အစုအဖွဲ့ ၁၈၅၀ ဖွဲ့၊ အဖွဲ့ဝင် ၄၈၅၈ ဦးသို့ နွေစပါး ၁၂၅၈၁ ဧက၊ ပဲမျိုးစုံ ၂၀၉၄၆ ဧက စုစုပေါင်း ၃၃၅၂၇ ဧကအတွက် ငွေကျပ် သိန်းပေါင်း ၁၆၇၇၀၂၀၀၀၀ ကို ထုတ်ချေးပြီးဖြစ်သည်။

ချေးငွေနှုန်းထားများအနေဖြင့် နွေစပါးတစ်ဧကလျှင် ငွေကျပ် တစ်သိန်း၊ ပဲမျိုးစုံတစ်ဧကလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး ကျောင်းကုန်းမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၇ စု၊ တောင်သူ ၈၂၀၀ သို့ နွေစပါး ဧက ၂၆၀၀၀၊ ပဲမျိုးစုံ ၄၆၆၄၆ ဧကအတွက် ခွင့်ပြုရန်ပုံငွေကျပ် သိန်းပေါင်း ၃၅၃၂၉၂၀၀၀၀ ဆက်လက်ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရ သည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

တက်နေပြီလို့လက်ခံရပါမယ်။ အခြေခံစားကုန်၊ အခြား သော အခြေခံစားကုန်မဟုတ်တဲ့ အိမ်ခြံမြေတွေကို အခြေခံပြီး တွက်တာလည်း ရှိပါတယ်။ တစ်ပြည်လုံး အတိုင်းအတာနဲ့ဆိုရင်တော့ ငွေကြေးဖောင်းပွနေတယ်လို့ ဆိုနိုင်ပါတယ်။

ဒါတွေကို ဘယ်လိုကာကွယ်မလဲဆိုတော့ ငွေကြေး မူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒနဲ့ အခြား စပ်ဆက်မူဝါဒတွေ စသဖြင့် အဓိက မူဝါဒတွေ ပေါင်းစပ် ပြီး နိုင်ငံတော်အစိုးရကနေ ငွေကြေးဖောင်းပွမှုကို တည်ငြိမ် သွားအောင်၊ ပြန်လည်ကျဆင်းသွားအောင် ဆောင်ရွက် ရမှာပါ။ ပြည်တွင်းငွေကြေးဖောင်းပွမှု ရှိနေပြီဆိုရင် ပြည်တွင်းမှာ လှည့်လည်သုံးစွဲနေတဲ့ငွေတွေ များနေပြီ ဆိုတာ ပြနေတာပါ။

ဒီပြည်တွင်းမှာ လှည့်လည်သုံးစွဲငွေတွေကို လျော့ကျ သွားအောင် ဗဟိုဘဏ်ကနေ အတိုးနှုန်းမြှင့်ပြီးတော့မှ ဘဏ်တွေကို ငွေတွေပြန်ဝင်လာအောင် ဆောင်ရွက်တဲ့ နည်း၊ ဒါက ငွေကြေးမူဝါဒနဲ့လုပ်တဲ့နည်း၊ ခုနပြောတဲ့ Loan တွေ၊ Bill တွေ ရောင်းချပြီးငွေတွေ အစိုးရဆီ ရောက်အောင်လုပ်တဲ့နည်း။ Loan အတိုးနှုန်းတွေ ယခင်နဲ့ စာရင် တိုးမြှင့်ပေးတယ်။ Bill အတိုးနှုန်းတွေ တိုးမြှင့် ပေးမယ်။ အပြင်မှာပွနေတဲ့ငွေတွေ ဘဏ်တွေထဲကို ပြန်ရောက်သွားမယ်။ အစိုးရလက်ထဲကို ပြန်ရောက် သွားမယ်ဆိုရင် ငွေကြေးမူဝါဒနဲ့ ပြန်ကုစားပေးတဲ့နည်း၊ တခြားသောဘဏ်တွေရဲ့ ငွေကြေးမူဝါဒအရ သီးသန့်ငွေ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတာက တစ်နည်း၊ တစ်ဖက်ကလည်း Fiscal Policy အနေနဲ့၊ နိုင်ငံရေးမူဝါဒ အနေနဲ့ အစိုးရကသုံးငွေတွေ ဘယ်လိုလျှော့သုံးမလဲ။ လိုချင်တဲ့စီမံကိန်းတွေကို ဘယ်လိုကျစ်ကျစ်လျစ်လျစ်နဲ့ ပြီးမြောက်အောင်မြင်အောင် ဘယ်လိုသုံးမလဲ။ ရငွေတွေ ကို ဘယ်လိုတိုးရှာမလဲ (Tax Policy)၊ တစ်ဖက်က Expenditure Policy၊ ကုန်သွယ်ရေးမူဝါဒမှာ Export တွေ ဘယ်လိုတိုးမြှင့်မလဲ။ သွင်းကုန်တွေ တတ်နိုင်သမျှ နည်းအောင် ဘယ်လိုအစားထိုးလုပ်ဆောင်မလဲဆိုတာ ကုန်သွယ်ရေးမူဝါဒဘက်က စဉ်းစားရမှာဖြစ်ပါတယ်။ တခြားသော မေခရိုစီးပွားရေးနယ်ပယ်တစ်ခုလုံး၊ ဆက်စပ် မူဝါဒတွေအားလုံး ဝိုင်းပြီးဆောင်ရွက်ပါမှ ငွေကြေးဖောင်းပွ မှုနှုန်းတွေ တတ်နိုင်သမျှ တည်ငြိမ်မယ်။ တည်ငြိမ်နေရင် ကောင်းပါတယ်။

ဒါပေမယ့် သီအိုရီတွေအရ ဖွံ့ဖြိုးတိုးတက်မှုလိုချင်ရင် ငွေကြေးဖောင်းပွမှုနှုန်းကလည်း အထိုက်အလျောက် မြင့်တက်လာမှာပဲဆိုတဲ့ သီအိုရီလည်းရှိတယ်။ တစ်ဖက်က စီးပွားရေးဖွံ့ဖြိုးမှုတက်လာရင်၊ GDP တက်လာရင် ငွေကြေး ဖောင်းပွမှုက မနှစ်ကထက်စာရင် ဒီနှစ် ၁ ရာခိုင်နှုန်း တက်တယ်။ ၁ ဒသမ ၅ရာခိုင်နှုန်း လောက်တက်လာတဲ့ အနေအထားမျိုးကို ငွေကြေးဖောင်းပွမှု မြင့်တက်လာပြီ ဆိုပြီးလည်း ကြောက်စရာမလိုပါဘူး။ ဒါပေမယ့် ရုတ်တရက် အများကြီးကွာခြားသွားရင်တော့ တက်လိုက်၊ ကျလိုက် မတည်မငြိမ်ဖြစ်နေပြီဆိုရင်တော့ မဖြစ်တော့ဘူးပေါ့။

**မေး ။ နိုင်ငံတော်ရဲ့ဘတ်ဂျက်ပုံစံ ယခင်နဲ့ ယခု ပြောင်းလဲဆောင်ရွက်မှုကိုလည်း သိပါရစေ။**

ဖြေ ။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ နိုင်ငံတော်ပုံစံက ပြောင်းသွားတော့ ဘတ်ဂျက် ရေးဆွဲရေး စနစ်ကိုလည်း ပြောင်းလဲဆောင်ရွက်ရပါတယ်။ ပြည်ထောင်စုဘတ်ဂျက်လို့ခေါ်တဲ့ ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြည်ထောင်စုမှာ လုပ်ပါ တယ်။ နောက်တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုကို တိုင်း ဒေသကြီးနှင့် ပြည်နယ် ဘတ်ဂျက်တစ်ခုစီ လုပ်ပါတယ်။

ပြည်ထောင်စု ရသုံးခန့်မှန်းခြေငွေစာရင်းနဲ့ တိုင်းဒေသ ကြီး/ပြည်နယ် ရသုံးခန့်မှန်းခြေငွေစာရင်း ဆက်စပ်မှု အဓိကအချက်သုံးချက်ရှိပါတယ်။ ပြည်ထောင်စုမှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုချင်းစီမှာ အထိ ဘတ်ဂျက်တွေမှာ လိုငွေပြနေရင် သုံးငွေက ဝင်ငွေ ထက်များနေရင်၊ လိုငွေပြနေရင် ပြည်ထောင်စုဘဏ္ဍာ ကနေ ဖြည့်ဆည်းပေးပါတယ်။ နောက်နည်းလမ်းတစ်ခုက ဖွဲ့စည်းပုံပါအခြေခံဥပဒေအရပဲ အထူးကိစ္စရပ်များ(ဥပမာ-ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အတွက် ပြည်ထောင်စုဘဏ္ဍာငွေမှ ပြည်ထောင်စုအစိုးရ အစီအစဉ်နဲ့ သုံးစွဲပါတယ်။ နောက် ကျေးလက်မီးလင်းရေး၊ ရေရရှိရေး၊ နောက်စုပေါင်းရုံးတွေဆောက်ဖို့၊ အိမ်မဲ့ ယာမဲ့တွေအတွက် လယ်ယာမြေဖော်ထုတ်ဖို့ စသဖြင့် သက်ဆိုင်ရာအထူးကိစ္စတွေကို ဖြည့်ဆည်းပေးပါတယ်။ လိုငွေတစ်ခုချင်းစီမှာ ဖြည့်ဆည်းပေးပါတယ်။)

တတိယတစ်ခုကတော့ အကယ်၍ သူတို့ရဲ့သုံးငွေက သူတို့ရဲ့ရငွေထက်ပိုနေခဲ့ရင် စည်ပင်သာယာရေးအတွက် ဖြစ်တယ်ဆိုရင်တော့ သူတို့ဟာ သင့်တော်တဲ့ အတိုးနှုန်းနဲ့ ပြည်ထောင်စုအစိုးရဆီက ငွေကိုချေးဖို့၊ ချေးငွေအနေနဲ့ ခွင့်ပြုပေးလို့ရပါတယ်။ ဒီလို နည်းလမ်းသုံးမျိုးနဲ့ ချိတ်ဆက် ထားပါတယ်။

ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ကို ၂၀၁၁-၂၀၁၂ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်သူ့ဘဏ္ဍာ ရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ၂၀၁၄ မှ ၂၀၁၉ ခုနှစ်အထိ ငါးနှစ်ကြာမြင့်တဲ့ စီမံကိန်း ဖြစ်ပါတယ်။

ဒီလို စီမံကိန်းတစ်ခုကိုလုပ်ဖို့အတွက် ၂၀၁၁-၂၀၁၂ မှာ ဘတ်ဂျက်ရေးဆွဲတာ၊ စိစစ်တာတွေပြောင်းလဲဖို့ ကမ္ဘာ့ ဘဏ်လို အပြည်ပြည်ဆိုင်ရာရန်ပုံငွေအဖွဲ့တွေထံက နည်းပညာအကူအညီရယူပြီး လက်ရှိအနေအထားတွေကို လေ့လာတယ်။ အားနည်းချက်၊ အားသာချက်တွေကို လေ့လာတယ်။ သုံးသပ်တယ်။ ၂၀၁၁ ခုနှစ်ကစပြီး တစ်နှစ် ကျော်လောက်မှ Public Financial Report အင်္ဂလိပ်လို၊ မြန်မာလိုထုတ်ပါတယ်။ IMF ကလည်း Public Financial Management နဲ့ပတ်သက်တဲ့ Mission တွေ လွှတ်ပြီးတော့ အစီရင်ခံစာတစ်စောင် ထွက်ပါတယ်။ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာ Strategy ချတယ်။ အဲဒီကနေ အခြေခံပြီး တော့မှ Action Plan တွေချကာ စနစ်တကျလေ့လာပြီး စီမံဆောင်ရွက်နေပါတယ်။

**မေး ။ နိုင်ငံရဲ့အခွန်စနစ်နဲ့ ပတ်သက်ပြီးတော့ အခွန် ရရှိမှုနည်းပါးတယ်ဆိုပြီး ဝေဖန်တာတွေ ရှိနေ ပါတယ်။ လက်ရှိ ဘယ်လိုဆောင်ရွက်နေတယ် ဆိုတာကို ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ အခွန်စနစ်၊ အခွန်အကောက်ရငွေသည် အခြားသောနိုင်ငံတွေနဲ့ အထူးသဖြင့် ဒေသ တွင်းနိုင်ငံတွေနဲ့ နှိုင်းယှဉ်လျှင် တစ်မျိုးသားလုံးရဲ့ အခွန် အခနဲ့ ဝင်ငွေအချိုးချရင် ၁၀ ရဲ့အောက်မှာ ရှိနေတယ်။ ၂၀၁၄-၂၀၁၅ မှာ ၈ ရာခိုင်နှုန်းလောက်ရှိပြီး ဒေသ တွင်းနိုင်ငံများထက် နည်းနေပါတယ်။ ကျွန်တော်တို့က ၁၀ ရာခိုင်နှုန်းအထက်ကျော်ရပါမယ်။ အခွန်နဲ့ပတ်သက် တဲ့ ပြုပြင်ပြောင်းလဲရေးတွေ လုပ်ကိုလုပ်ရပါမယ်။

ပြည်တွင်းအခွန်များဦးစီးဌာနက နိုင်ငံတော်ရဲ့ အဓိက ကျတဲ့အခွန်ကြီးတွေကို ကုန်သွယ်လုပ်ငန်းခွန်တို့လို အခွန် တွေကိုတာဝန်ယူပြီး ကောက်ရပါတယ်။ ဒီလို အဓိကကျတဲ့ အခွန်တွေကို ကောက်ပေးသလို အခြားဝန်ကြီးဌာနတွေ ကလည်း သက်ဆိုင်ရာအခွန်ကောက်ပေးတာ ရှိပါတယ်။

အခွန်အကောက်ရငွေသည် GDP နဲ့နှိုင်းယှဉ်ရင် နည်းနေပါသေးတယ်။ အခွန်ကောက်အခြေခံဧရိယာကို ချဲ့ထွင်ဖို့လိုပါတယ်။ အခွန်အကောက်ရယူတဲ့ စနစ်ကို လည်း ပြုပြင်ဖို့လိုတယ်။ ကမ္ဘာ့ဘဏ်တို့၊ IMF တို့လို အဖွဲ့အစည်းတွေက နည်းပညာအကူအညီတွေရယူပြီးတော့ ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ တိုးတက်ဖွံ့ဖြိုး အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ်မှာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး (Large Tax Payer Office) ကို မကြာမီကဖွဲ့စည်းလိုက်ပါတယ်။ ဒါက နိုင်ငံ တော်မှာ အခွန်အများဆုံးထမ်းဆောင်တဲ့ အဖွဲ့အစည်း တွေ၊ လူပုဂ္ဂိုလ်တွေဆီကနေ ရသင့်ရထိုက်တဲ့အခွန်တွေကို အပြည့်အဝရရှိဖို့ ကြိုးပမ်းဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီနှစ်ထဲမှာ MTO လို့ခေါ်တဲ့ Medium Tax Payer Office၊ အဲဒီကနေတစ်ဆင့်တက်ပြီး Small Tax Payer Office တွေ ဖွင့်သွားဖို့ရှိပါတယ်။ အမြတ်ခွန်ဥပဒေကို ရုပ်သိမ်းခဲ့ပါတယ်။ ပြီးရင် ဝင်ငွေခွန်ဥပဒေကို ပြင်ဆင် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ ရုံးခွန်၊ နောက် မြန်မာနိုင်ငံတံဆိပ်ခေါင်းခွန်၊ ကုန်းလမ်း အကောက်အခွန်၊ ပင်လယ်ရေကြောင်း အကောက်အခွန် အက်ဥပဒေ၊ အသေးစားငွေရေးကြေးရေးဥပဒေ အသစ် ပြဋ္ဌာန်းပြင်ဆင်ခဲ့ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေကို ပြဋ္ဌာန်းပြီး သီးခြားရပ်တည်တဲ့အဖွဲ့အစည်းအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေ အသစ် ပြဋ္ဌာန်းခဲ့ပါတယ်။ ငွေချေးသက်သေခံလက်မှတ် လဲလှယ်ရောင်းဝယ်ရေးလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ပါ တယ်။ ပြည်ထောင်စုရဲ့ အခွန်အကောက်ဥပဒေကို ၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်ကစပြီး ပြည်ထောင်စုလွှတ်တော်က နှစ်စဉ်ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိပါတယ်။

# ရဲတပ်ဖွဲ့သုံး မော်တော်ယာဉ်များ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရဲတပ်ဖွဲ့သုံး မော်တော်ယာဉ်များ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် Royal ACE ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Hong Liang နှင့် ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မော်တော်ယာဉ်များ လွှဲပြောင်းပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း၊ လွှဲပြောင်းပေးအပ်သည့် မော်တော်ယာဉ်များအား Slide Show ဖြင့်ပြသခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ် ဇော်ဝင်းနှင့် တရုတ်နိုင်ငံ၊ သံအမတ်ကြီး H.E. Mr. Hong Liang တို့က လွှဲပြောင်းပေးအပ်မှု လက်မှတ်ရေးထိုးခြင်းတို့ ဆောင်ရွက်သည်။

အဆိုပါ မော်တော်ယာဉ်များ လွှဲပြောင်းပေးအပ်မှုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Keqiang မြန်မာနိုင်ငံသို့ ၂၀၁၄ ခုနှစ်က လာရောက်သည့် ခရီးစဉ်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ကူညီပေးခဲ့ခြင်းဖြစ်ပြီး Pick up ၂၄၅ စီး၊ Truck ၁၃၅ စီး၊ Saloon အစီး ၁၂၀ နှင့် Dump Truck ငါးစီး စုစုပေါင်း ၅၀၅ စီးဖြစ်ပြီး စုစုပေါင်းတန်ဖိုးမှာ တရုတ်ယွမ်မင်ဘီ ၉၉ သန်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ် ညစာစားပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

(၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ ခရီးစဉ် (၂၀၁၅) ညစာစားပွဲနှင့် ယဉ်ကျေးမှုဖလှယ်ပွဲအခမ်းအနားကို ယနေ့ညနေ ၆နာရီခွဲက ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက တက်ရောက်လာသည့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များခရီးစဉ်တွင် ပါဝင်သူများကို ညစာစားပွဲ အကြိုနှုတ်ခွန်းဆက် မိန့်ခွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Tateshi Higuchiက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဂျပန်သင်္ဘောအုပ်ချုပ်ရေးမှူးတို့ အပြန်အလှန်အမှတ်တရလက်ဆောင်ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးက မလေးရှား၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ လာအိုနှင့် မြန်မာနိုင်ငံတို့မှ National Leader တစ်ဦးချင်းစီအား လက်ဆောင်ပစ္စည်းပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ် ကြိုဆိုပွဲအခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ M.S Nippon Maru သင်္ဘောဖြင့် ရောက်ရှိနေသည့် (၄၂)ကြိမ်မြောက် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ သင်္ဘောခရီးစဉ်ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗိုလ်အောင်ကျော်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၌ကျင်းပရာ ရှေးဦးစွာ နိုင်ငံ ၁၁ နိုင်ငံမှ အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များသည် နိုင်ငံအလိုက်အလံများဝှေ့ယမ်း၍ သင်္ဘောပေါ်မှဆင်းလာကာ နှုတ်ခွန်းဆက် မိတ်ဆက်ကြရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်များ ခရီးစဉ်ကျောင်းသားဟောင်းများအသင်းက မြန်မာ့ရိုးရာ "ရတနာမင်း" ဆင်အကဖြင့် ဂုဏ်ပြုကပြဖျော်ဖြေသည်။

ယင်းနောက် ဝန်ကြီးချုပ်က သင်္ဘောအုပ်ချုပ်သူအရာရှိ သင်္ဘောကပ္ပတိန်နှင့် နိုင်ငံ ၁၁ နိုင်ငံမှ နိုင်ငံကိုယ်စားပြုခေါင်းဆောင်များအား အမှတ်တရပန်းစည်းများဂုဏ်ပြုပေးအပ်ရာ နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးနှင့် အရှေ့တောင်အာရှနှင့် ဂျပန်လူငယ်သင်္ဘောခရီးစဉ်၏ အုပ်ချုပ်သူအရာရှိ Mr. Hideki UEMURA က ကျေးဇူးတင်စကားပြောကြားသည်။

**(သတင်းစဉ်)**




○ *ရှေ့ဖုံးမှ*

"နိုဝင်ဘာ ၂၄ ရက်က မူဘောင်ရေးဆွဲရေး ကော်မတီတစ်ရပ်ကို ဖွဲ့စည်းလိုက်နိုင်တဲ့အတွက် အထူးပဲဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ဒီလိုဖွဲ့နိုင်တဲ့အတွက် ကျွန်တော်တို့ ဒီကနေ့လို ပထမဦးဆုံးအကြိမ် Framework Meeting လုပ်နိုင်တဲ့အတွက် အထူးပဲကျေနပ်မိပါတယ်။ မူဘောင်ရေးဆွဲရေးကို ကျွန်တော်တို့ NCA ဆွေးနွေးပွဲနဲ့အပြိုင် အလွတ်သဘောဆောင်ရွက်လာခဲ့တာ အခုဆိုရင်တစ်နှစ်ခွဲလောက်ရှိပါပြီ။ မူဘောင်ဆိုင်ရာ အလွတ်သဘောဆွေးနွေးတာ ၁၀ ကြိမ်ကျော်ခဲ့ပြီဖြစ်ပါတယ်။ အခုအခါမှာတော့ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေရော၊ ပါတီတွေပါ မူဘောင်နဲ့ ပတ်သက်ပြီး အကျွမ်းတဝင်ဖြစ်လာခဲ့ကြပါပြီ။ မူဘောင်အသီးသီးကိုလည်း ကိုယ်တိုင်ကိုယ်ကျ ရေးဆွဲခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါတွေအားလုံးဟာ အလွတ်သဘောတွေ ဆောင်ရွက်ခဲ့ကြတာ ဖြစ်တယ်။ အခုတော့ တရားဝင်ညှိနှိုင်းကြရပါတော့မယ်" ဟု နိုင်ငံတော်အစိုးရအစုအဖွဲ့မှ ဦးခင်ရီက ပြောကြားသည်။

ပထမဆုံးအကြိမ် ယနေ့စတင်ပြုလုပ်သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်းရေးဆွဲရာတွင် (NCA)စာချုပ်ပါ တကယ်နိုင်ငံရေးဆွေးနွေးပွဲစရမည့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အမီ အပြီးရေးဆွဲရမည်ဖြစ်သည်။ ယနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)၏ နိုင်ငံတော် အစိုးရအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ကိုယ်စားပြုကိုယ်စားလှယ်ရှစ်ဦးစီတို့သည် မူဘောင်ရေးဆွဲရာတွင် ဦးစားပေးလုပ်ဆောင်ရမည့်အချက်များဖြစ်သည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ရမည့်ကိုယ်စားလှယ်ကိစ္စ၊ ဆွေးနွေးရမည့် ခေါင်းစဉ် Agenda များနှင့် ဆုံးဖြတ်ချက်ချရမည့် စည်းကမ်းနည်းလမ်းများ စသည့် အချက်များကို ဦးစားပေးဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအစုအဖွဲ့မှ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်ဆိုတာ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်ခြင်း၊ အစပြုခြင်းဖြစ်တယ်လို့ ပြောချင်ပါတယ်။ အခုတော့ ကျွန်တော်တို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းတွေအနေနဲ့လည်း ဒီမူဘောင်ရေးဆွဲခြင်းမှာလည်းကောင်း၊ နိုင်ငံရေးဆွေးနွေးပွဲဆင့်ဆင့်မှာသော်လည်းကောင်း ကျွန်တော်တို့ခံယူထားတာက NCA လို့ခေါ်တဲ့ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်ပေါ်မှာပဲအခြေခံပြီးတော့ ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တစ်ခုအနေနဲ့ သဘောတူထားပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ဆိုတဲ့ဟာက အမှန်စင်စစ်က အစည်းအဝေးအစီအစဉ်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ဘာလုပ်မလဲ၊ ဘယ်သူတွေတက်မလဲ၊ ဘာအကြောင်းအရာတွေ ဆွေးနွေးမလဲ၊ ဆွေးနွေးတဲ့အကြောင်းအရာကို ဘယ်လိုဆုံးဖြတ်ချက်ချမလဲနဲ့ ဆုံးဖြတ်ပြီးသားကို ဘယ်လိုအကောင်အထည်ဖော်မလဲ အဲဒါတွေပါပဲ။ ဒါကြောင့် နိုင်ငံရေးဆွေးနွေးပွဲမစခင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်မူကြမ်းရေးဆွဲရေးကို သတ်မှတ်ထားတဲ့အချိန်အတွင်း အပြီးဆောင်ရွက်နိုင်မယ်လို့မျှော်လင့်ပါတယ်" ဟု ဆိုသည်။

"အခုရေးဆွဲရမယ့်မူဘောင်ဟာ ပြုလွယ်၊ ပြင်လွယ်ဖြစ်ရမယ်။ အချိန်အကန့်အသတ်လည်းရှိတဲ့အတွက်ကြောင့်မို့ NCA အတိုင်းပဲ အပိုင်းလိုက်အပိုင်းလိုက်သွားနိုင်အောင် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲဆိုတဲ့အချက်တွေကို ပြောကြားပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရေးပါတီအစုအဖွဲ့အနေနဲ့ ပြောချင်တာကလည်း နောင်လာမယ့်အခြေအနေအကျင်းမှာ အစိုးရလည်းအပြောင်းအလဲဖြစ်မယ်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမှာလဲ မပါဝင်နိုင်သေးတာအများကြီးရှိတော့ ပါဝင်လာနိုင်အောင် မူဘောင်ရေးဆွဲတဲ့အခါမှာ ပြုလွယ်၊ ပြင်လွယ်ဖြစ်အောင်၊ နောင်အခြေအနေအကျင်းအတွက် အဆင်ပြေဆုံးဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်"ဟု နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးစိုင်းကျော်ညွန့်က ပြောသည်။

**(မြန်မာ့အလင်း)**

# (၂၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ




**နေပြည်တော် နိုဝင်ဘာ ၂၇**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက ခရာချွတ် ခရီခန်ပြည်နယ် ပရမ်ဘူရီခရိုင် ဟွာအင်းမြို့ရှိ Infantry Center ၌ ကျင်းပသော (၂၅)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များ သေနတ်ပစ်ပြိုင်ပွဲ 25th ASEAN Armies Rifle Meet (25th AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းနားတွင် အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံ သေနတ်ပစ်အသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်ပစ်ခတ်မှုအား ကြည့်ရှုအားပေးကြပြီး ဆုရအသင်းများအား ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်မှ တစ်ဦးချင်းဆုချီးမြှင့်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် Novelty Shoot အဖြစ် (မီတာ ၂၀) ပစ္စတိုနှင့် (မီတာ ၅၀) ကာဘိုင်သေနတ်ပစ်ယှဉ်ပြိုင်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးသည်။ **(အပေါ်ပုံ)**

ယင်းနောက် အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးကြပြီး 25th ASEAN Armies Rifle Meet(25th AARM) ပိတ်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်က ပိတ်ပွဲမိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲပွဲစဉ်တစ်လျှောက် ဆုရအသင်းများအား ဆုချီးမြှင့်သည်။

ထို့နောက် ထိုင်းဘုရင့်တပ်တော်ကြည်းတပ်ဦးစီးချုပ်က ၂၀၁၆ ခုနှစ် 26th ASEAN Armies Rifle Meet (26th AARM) ပြိုင်ပွဲအား အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဖိလစ်ပိုင်ကြည်းတပ် ဦးစီးချုပ်ထံသို့ AARM အထိမ်းအမှတ်အလံအား လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့သည် ညနေပိုင်းတွင် Suan Son Pardipat 2 ၌ ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော 25th ASEAN Armies Rifle Meet(25th AARM) ပိတ်ပွဲ ဂုဏ်ပြုနှုတ်ဆက် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် နိုဝင်ဘာ ၂၆ ရက် နေ့လည်ပိုင်းတွင် ဗန်ကောက်မြို့ရှိ သုဝဏ္ဏဘူမိလေဆိပ်သို့ရောက်ရှိစဉ် ထိုင်းဘုရင့်တပ်မတော်၊ ထိုင်းဘုရင့်ကြည်းတပ် ဌာနချုပ်ရုံးမှ ဒုတိယစစ်ဦးစီးအရာရှိချုပ်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ စစ်သံမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ **(မြဝတီ)**

❖ *ကျောဖုံးမှ*

ကော်မတီဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် ရွှေကျင်တပ်နယ်တာဝန်ရှိသူတို့က တက်ရောက်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ စစ်တောင်းမြစ်အတွင်း ရေပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်မည့် တက်ပျံယိမ်း၊ တက်ခုတ်ယိမ်း၊ ယိမ်းအကအဖွဲ့၊ ကရင်တိုင်းရင်းသား ဒုံးယိမ်း စုစုပေါင်းယိမ်းအဖွဲ့ ၁၂ ဖွဲ့တို့ ယှဉ်ပြိုင်မှုမှာလည်း လူရောစိတ်ပါ နှစ်၍ ပြိုင်ပွဲဝင်နေကြသကဲ့သို့ ကြိုးစားယှဉ်ပြိုင်သူများကိုလည်း မြန်မာ့ဩဘာစိုက်ပျိုးရေးကုမ္ပဏီနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့မှ ဆုကြေးငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးခဲ့သောကြောင့် မဒေါက်မြို့ တန်ဆောင်တိုင် မီးမျှောပွဲတော်မှာ လွတ်လပ်မှုများ၊ တက်ကြွမှုများဖြင့် တစ်နှစ်ထက်တစ်နှစ် ပို၍ စည်ကားလာသည်။

ယခုနှစ် မဒေါက်မြို့ တန်ဆောင်တိုင်မီးမျှောပွဲတော်တွင် ပြိုင်ပွဲတစ်ရပ်အနေဖြင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာရေးရည်ရွယ်ကာ ဖိတ်ခေါ်ဘော်လီဘောပြိုင်ပွဲ၊ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲများကို ရွှေနဂါးစိုက်ပျိုးရေးဆေးမျိုးစုံကုမ္ပဏီနှင့် ပွဲတော်ကျင်းပရေးကော်မတီတို့ပူးပေါင်း၍ အားကစားပြိုင်ပွဲတစ်ခုစီအတွက် အကုန်ကျခံကာကျင်းပခဲ့ပြီး ဆုများပေးအပ်ချီးမြှင့်ပေးခဲ့သည်။ ညနေ ၆ နာရီတွင် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရောင်စုံမီးကြာခွက်များဖြင့် မီးမျှောပူဇော်ရာ ဒေသခံပြည်သူများ၊ ပွဲတော်လာပရိသတ်များက မီးမျှောပူဇော်ကြသည်။

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ တန်ဆောင်တိုင်ကာလ မဒေါက်တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲတော်သည် မြန်မာပြည်ရှိ ဘုရားပွဲတော်များအနက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများ စုဝေးလာရောက်ကြသော လူသိများထင်ရှားသည့် ဒေသအတွင်း ဘုရားပွဲတော်တစ်ခုဖြစ်သည်။

■ *ကျောဖုံးမှ*

စောဂေါ်မူဒိုခြေကန်ချက်၊ လက်သီးတွဲလုံးတွေကြောင့် ဒေါနအောင်အထိနာခဲ့ရ၍ ဒုတိယအချီတွင် စောဂေါ်မူဒို၏ ခြေကန်ချက်ကြောင့် ဒေါနအောင်ပြိုလဲကာ မယှဉ်ပြိုင်နိုင်၍ စောဂေါ်မူဒိုအလဲထိုးအနိုင်ရရှိသွားသည်။ လေးချီပွဲတွင် ထယ်ကြီး (S.T.L)နှင့် သျှင်ရဲထွန်း (အဖြူရောင်သွေးသစ်) တို့ပွဲမှာလည်း လက်ရည်မမျှ၍ သျှင်ရဲထွန်းအနိုင်ရရှိကာ ထွန်းလွင်မိုး(နဂါးမာန်)နှင့် ဆင်ရိုင်းလေး(ရွှေသောင်းရင်း)ပွဲမှာလည်း သရေကျကာ ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် မျိုးဆက်သစ်သုံးချီလေးပွဲယှဉ်ပြိုင်ခဲ့ကြသည်။

အထူးသရုပ်ပြပွဲတွင် မြန်မာပြည်ချန်ပီယံဟောင်း ရွှေဝါထွန်း(ရွှေသောင်းရင်း)နှင့် မြန်မာပြည်ချန်ပီယံဟောင်း လုံးချော(သတ္တိ)တို့က မြန်မာ့ရိုးရာလက်ဝှေ့ထိုးလုံးထိုးပေါက်များ ပြသပြီး ဒိန်းမတ်နိုင်ငံသား နီကိုလက်ချ်(ခ) စောထက်မြက်(သတ္တိ) က ရိုးရာလက်ဝှေ့ရေးပြသခဲ့သည်။

❄ *ကျောဖုံးမှ*

ပထမအဆင့်အုပ်စုမှ အမှတ်အများဆုံးရရှိသည့် ထိပ်ဆုံးတစ်သင်းသာ ဆီမီးတက်မည်ဖြစ်ပြီး ဗီယက်နမ်ကလပ်ဘင်ဒေါင်းအသင်းနှင့် ဆီမီးကစားရမည်ဖြစ်သည်။ ထိုင်းကလပ် ဘူရီရမ်အသင်းမှာ ဗိုလ်လုပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမပွဲတွင် လာအိုတိုယိုတာအသင်းကို အိမ်ကွင်း၌ ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားပြီး အနိုင်ဂိုး များကို အက်ဒီဆင်က နှစ်ဂိုး၊ ဒေးဗစ်ဒန်း၊ ကျော်ကိုကိုနှင့် ရန်အောင်ကျော်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့သည်။ ယခုပွဲတွင် ရန်ကုန်အသင်း၌ နိုင်ငံခြားသားကစားသမားနှစ်ဦး ပါဝင်လာမည်ဖြစ်ပြီး ဂိုးသမား ဖာနန်ဒိုမှာလည်း အန်ကောနှင့်ပွဲတွင် လိုက်ပါသွားမည်ဖြစ်သည်။

အန်ကောအသင်းနှင့်ကစားမည့် ရန်ကုန်အသင်းတွင် ဂိုး-ဖာနန်ဒို၊ အောင်ဝေဖြိုး၊ နောက်တန်း-ခင်မောင်လွင်၊ ဇာနည်ထက်၊ ဇော်ဝင်း၊ ဇော်မင်းထွန်း၊ လတ်ကိုကိုအေး၊ သီဟထက်အောင်၊ ပြည့်ဖြိုးအောင်၊ အလယ်တန်း-ရန်အောင်ကျော်၊ ဒေးဗစ်ဒန်း၊ ကြည်လင်း၊ ကောင်းဆက်နိုင်၊ သီဟဇော်၊ ကျော်ထူး၊ ဇွန်မိုးအောင်၊ ရှေ့တန်း-အက်ဒီဆင်နှင့် ကျော်ကိုကိုတို့ ပါဝင်ကြသည်။

ရန်ကုန်အသင်းသည် ယင်းပွဲစဉ်ယှဉ်ပြိုင်ရန် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ဖနောင်ပင်မြို့သို့ ထွက်ခွာသွားသည်။ **ညီမြတ်သော်တာ**

## အအောရ်တီကုထုံးကိုလက်ခံရရှိသည့်အိတ်ချ်အိုင်ဗွီ လူနာအရေအတွက် နှစ်ဆကျော်တိုးလာ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း အိတ်ချ်အိုင်ဗွီရောဂါအတွက် စံကုထုံးတစ်ရပ်ဖြစ်သည့် ကာလရှည်ကြာ သောက်သုံးရသည့် အေအာရ်တီကုထုံးကို လက်ခံရရှိနေသည့် အိတ်ချ်အိုင်ဗွီ လူနာအရည်အတွက်မှာ နှစ်ဆကျော်တိုးလာခဲ့ကြောင်း နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) က သတင်းကောင်းတစ်ရပ် ထုတ်ပြန်ခဲ့သည်။ (MSF) အဖွဲ့သည် မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ ရောဂါစောင့်ရှောက်ကူညီပေးနေသည့်အဖွဲ့အစည်းများထဲမှ အကြီးဆုံးအဖွဲ့တစ်ခုဖြစ်ကာ လူနာဦးရေ ၃၅၀၀၀ ကျော်ကို ကုသပေးနေကြောင်း ၂၀၁၄ ခုနှစ်အကုန်တွင် မြန်မာနိုင်ငံရှိ အေအာရ်တီဆေး သောက်သုံးနေသူ ထက်ဝက်ခန့်အား ပြည်သူပိုင် ကဏ္ဍတွင် ကုသပေးလျက်ရှိကြောင်း သိရသည်။

အောင်မြင်မှုများနှင့်အတူ လက်တွေ့တွင် မြန်မာနိုင်ငံ၌ ယနေ့အချိန်အထိ ခန့်မှန်းခြေအားဖြင့် အေအာရ်တီဆေး လိုအပ်နေသူ၏ ထက်ဝက်ခန့်သာ ဆေးကိုလက်ခံရရှိနေသေးကြောင်း အဆိုပါအဖွဲ့က ထုတ်ပြန်ခဲ့သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံတွင် အိတ်ချ်အိုင်ဗွီ ဆန့်ကျင်တိုက်ဖျက်ရေးအတွက် အခြေအနေသစ်တစ်ခုသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ ကုထုံးကို လက်ခံရရှိပြီးနေသူများအား ရေရှည်ထောက်ပံ့ကူညီရန်နှင့် ကျန်ရှိနေသေးသည့် အိတ်ချ်အိုင်ဗွီရောဂါရှိသူများအနေဖြင့် ၎င်းတို့ရောဂါအခြေအနေ သတိထားမိလာစေရန်နှင့် ကုထုံးဝန်ဆောင်မှုများအား လက်လှမ်းမီစေရန်တို့ဖြစ်ကြောင်း သိရသည်။

ဆေးသောက်သုံးပြီး ကောင်းစွာတုံ့ပြန်မှုရရှိသည်နှင့် တစ်ပြိုင်နက် ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လာမည်ဖြစ်ကာ ၎င်းတို့၏ကိုယ်ခန္ဓာထဲတွင် ရောဂါပိုးတည်ရှိနေဆဲဖြစ်သော်လည်း ကျန်းမာလာပြီး ဆေးမှန်မှန်သောက်နေသမျှ ၎င်းတို့၏ ကိုယ်ပိုင်ဘဝကို ပြန်လည်ရရှိမည်ဖြစ်ကြောင်း သိရသည်။ ကုသမှုပိုင်းတွင်သူနာပြုများ ပိုမိုပါဝင်လာခြင်းသည် မြန်မာနိုင်ငံ၏ လက်ရှိမြို့နယ်နှင့်ကျေးလက်ဒေသတွင် ဆေးဘက်ဆိုင်ရာ နယ်ပယ်အသုံးချနိုင်မှုအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **မွန်းဦးနဒီ**

## ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

**ဝက်လက် နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မင်းကုန်းကျေးရွာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အလှူရှင်မှ ဆောက်လုပ်လှူဒါန်းသည့် ဇမ္ဗူထွန်းကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်မှာ အလျားပေ ၉၀ အနံ ပေ ၃၀ရှိပြီး မန္တလေးမြို့မှ အလှူရှင် ဦးခင်မောင်အေးမိသားစုတို့က ငွေကျပ် ၃၁၅ သိန်း အကုန်အကျခံကာ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **နန်းမြင့်(ဝက်လက်)**

## အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်တို့အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်ကင်းသော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့်ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် သက်ဆိုင်ရာမြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဓာတ်အားခေတ္တပိတ်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးစေရန်၊ ဓာတ်အားစနစ်ပိုမိုစိတ်ချရမှုရှိစေရန် စသည်တို့အတွက် မဖြစ်မနေဆောင်ရွက်ရန်လိုအပ်သည့်လုပ်ငန်းစဉ်ဖြစ်ပါသောကြောင့် ဓာတ်အားခေတ္တပြတ်တောက်ခြင်းအား သည်းခံပေးကြပါရန်နှင့် ဓာတ်အားပြတ်တောက်မှုကြောင့် မီးသုံးစွဲသူပြည်သူများအတွက် အခက်အခဲများစွာ ဖြစ်ပေါ်လာနိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

# စစ်ကိုင်း၌ ရာဇမဏိစူဠာကောင်းမှုတော်ဘုရားပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားများတွင် ရာဇမဏိစူဠာကောင်းမှုတော်ဘုရားကြီးလည်း တစ်ဆူအပါအဝင်ဖြစ်သည်။ ထိုကောင်းမှုတော်စေတီတော်ကြီး၏ ထူးခြားသောပုံသဏ္ဌာန်နှင့် ထင်ရှားသောထူးခြားချက်များကြောင့် တန်ခိုးကြီးမားထင်ရှားကျော်ကြားရခြင်း ဖြစ်သည်။ ထိုကောင်းမှုတော်ဘုရားကြီးသည် သာသနာ့နယ်မြေဖြစ်သော စစ်ကိုင်းမြို့တွင် တည်ရှိနေခြင်းကြောင့်လည်း ပို၍ထင်ရှားရခြင်းဖြစ်သည်။

ထိုစူဠာမဏိ ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ်ကဆုန်လတွင် တစ်ကြိမ်၊ ဝါဆိုလတွင်တစ်ကြိမ်၊ သီတင်းကျွတ်လတွင် တစ်ကြိမ်၊ တန်ဆောင်မုန်းလတွင် တစ်ကြိမ်နှင့် တပို့တွဲလတွင် တစ်ကြိမ် စုစုပေါင်းငါးကြိမ် ကျင်းပသည်။ ယင်းတို့အနက်မှ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းသည် အစည်ကားဆုံးပွဲတော်ရက်များဖြစ်သည်။ တန်ဆောင်မုန်းလတွင် ကျင်းပသောပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှ လပြည့်နေ့အထိ ဘုရားဖူးများဖြင့် ကြက်ပျံမကျ တိုးမပေါက်အောင် စည်ကားလျက်ရှိသည်။ ဤပွဲတော်တွင် ပျော်ပွဲရွှင်ပွဲများနှင့်အတူ စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များ၊ ကလေးကစားစရာပစ္စည်းများ၊ မီးဖိုချောင်သုံးနှင့် အိမ်သုံး ပစ္စည်းများ၊ တောင်သူသုံးပစ္စည်းများ၊ နှီးထည်၊ မြေထည်၊ စဉ့်ထည်ပစ္စည်းများ လာရောက်ရောင်းချသည်ကိုလည်း တွေ့ရှိရသည်။

အထူးသဖြင့် သနပ်ခါးသည် ကောင်းမှုတော်ဘုရားပွဲ၏ထင်ရှားသော ဘုရားပွဲပြန်လက်ဆောင်ပစ္စည်းအဖြစ် လူကြိုက်များသည်။ အစဉ်အလာမပျက် ကျင်းပသော တန်ဆောင်တိုင်ကောင်းမှုတော်ဘုရားပွဲတော်တွင် ရဟန်းရှင်လူ ပြည်သူအများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသည်မှာ ကြည်နူးစရာဖြစ်ပေသည်။ **(၀၇၉)**




# ရွှေဟောင်းမဟာအတုလအောင်တော်မူ လာဘမုနိရုပ်ပွားတော်မြတ် မြို့တွင်းသို့ အပူဇော်ခံ

**ကြို့ပင်ကောက် နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့အရှေ့ဘက် မဟာလောကသီရိဘုရားကြီး ဂန္ဓကုဋီတိုက်အတွင်း ကိန်းဝပ်စံပယ်တော်မူသော မဟာအတုလအောင်တော်မူ လာဘမုနိရုပ်ပွားတော်မြတ်အား မြို့အတွင်းသို့ ဒေသစာရီလှည့်လည်ကြွချီအပူဇော်ခံပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် မော်တော်ယာဉ်တန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

နှစ်စဉ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့ ကျရောက်တိုင်း မြို့သူမြို့သားများ ဘေးဥပဒ်အန္တရာယ်အပေါင်းမှ ကင်းဝေးစေရန် ရည်သန်လျက် ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ်မှ ဆရာတော်သံဃာတော်များ ဦးဆောင်၍ အရုဏ်တော်ဝတ်အသင်းများ၊ ဂေါပကအဖွဲ့များ၊ ပရိတ်အသင်းများ စုပေါင်း၍ မော်တော်ယာဉ်တန်းများဖြင့် မြို့ပေါ် ၁၀ ရပ်ကွက်သို့ ဗုဒ္ဓရုပ်ပွားတော်မြတ်အားပင့်ဆောင်၍ ဒေသစာရီကြွချီတော်မူရာ စေတနာရှင် ပြည်သူများက လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ပူဇော်ခဲ့ကြသည်။

မဟာအတုလ အောင်တော်မူ လာဘမုနိရုပ်ပွားတော်မြတ်မှာ မြန်မာသက္ကရာဇ် ၅၁၀ ခုနှစ်တွင် အလောင်းစည်သူမင်းကြီး ဖောင်စကြာဖြင့် တိုင်းခန်းလှည့်လှည်စဉ် မိုးညိုမြို့နယ် ရေကင်းမြို့ မင်းကြီးရပ်တွင် သစ်ကနက်သားဖြင့် ဘုရားငါးဆူ ထုလုပ်ပူဇော်ခဲ့ရာ ယခုရုပ်ပွားတော်မှာ တစ်ဆူအပါအဝင်ဖြစ်ကြောင်း သိရသည်။ **ကိုသက်(ဇီးကုန်း)**

# မိုင်းဆတ်၌ မီးပုံးပျံပြိုင်ပွဲဆုရရှိသူများဆုချီးမြှင့်

**မိုင်းဆတ် နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်၏ (၄၅)ကြိမ်မြောက် တန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၂၅ ရက် ည ၈နာရီက စတင်ကျင်းပရာ ကြယ်ဖြူမီး၊ ဝေဟင်မီး၊ တိုင်းလွိုင်မီး၊ ရွှေညီအစ်ကိုမီးနှင့် ဘဂဝါမီးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြပြီး နိုဝင်ဘာ ၂၆ ရက် ညက ပျံလွှားလူငယ်မီး၊ ခေတ်သစ်လူငယ်မီး၊ ချယ်ရီမီး၊ ဆောင်းညမီးနှင့် ငွေကြယ်မီးအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် နိုဝင်ဘာ ၂၆ ရက် ည ၁၁ နာရီခွဲက မီးပုံးပျံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ နှစ်သိမ့်ဆုရရှိသည့် မီးပုံးပျံအဖွဲ့ ခုနစ်ဖွဲ့ကို ငွေကျပ်တစ်သိန်းစီဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်နှင့် တာဝန်ရှိသူတို့ကလည်းကောင်း၊ တတိယဆုရရှိသည့် ချယ်ရီမီးအဖွဲ့ကို ငွေကျပ် သုံးသိန်း၊ ဒုတိယဆုရရှိသည့် ခေတ်သစ်လူငယ်မီးအဖွဲ့ကို ငွေကျပ် ငါးသိန်းနှင့် ပထမဆုရရှိသည့် ငွေကြယ်မီးအဖွဲ့ကို ငွေကျပ်ခုနစ်သိန်းနှင့်ဆုဖလားကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးသူရလှမင်းနှင့် တာဝန်ရှိသူတို့ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



# မီးပုံးပျံလွှတ်ပြိုင်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ် ဆီမီးတစ်သိန်း ရေမျှောပွဲကျင်းပမည်

**ပုသိမ် နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ပဉ္စမအကြိမ်မြောက် မီးပုံးပျံလွှတ်ပြိုင်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ် ဆီမီးတစ်သိန်းရေမျှောပွဲကို (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီက ပုသိမ်မြို့ ကမ်းနားလမ်းရှုခင်းသာရင်ပြင် ငဝန်မြစ်အတွင်း၌ ရှင်ဥပဂုတ္တမထေရ် ဆီမီးတစ်သိန်းရေမျှောပွဲကို ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ မီးပုံးပျံလွှတ်ပြိုင်ပွဲနှင့် ရှင်ဥပဂုတ္တမထေရ် ဆီမီးတစ်သိန်း ရေမျှောပူဇော်ပွဲကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က အစပြု၍ နှစ်စဉ်တန်ဆောင်မုန်းလပြည့်နေ့၌ ကျင်းပခဲ့သော်လည်း ရွေးကောက်ပွဲအလွန်ကာလ၌ အကြောင်းအမျိုးမျိုးကြောင့် ပဉ္စမအကြိမ်မြောက် အခမ်းအနားကို (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) ဒီဇင်ဘာ ၆ ရက်တွင် ပြောင်းရွှေ့ကျင်းပရန် စီစဉ်ခဲ့ရသည်။ သို့သော် ယခင်နှစ်များနှင့်မတူ မီးပုံးပျံလွှတ်ပြိုင်ပွဲနှင့် မီးကျည်ဖောက်ပွဲကို ဒီဇင်ဘာ ၅ ရက်တွင် ပုသိမ်ကျောက်တိုင်အားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် ငဝန်မြစ်အတွင်း၌ မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲ၊ မီးကျည်မီးပန်းပစ်ဖောက်ပွဲ၊ မြန်မာ့ရိုးရာအဆို၊ အက၊ အတီးပြိုင်ပွဲ၊ စတုဒိသာ အကျွေးအမွေးမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ပုသိမ်-လှကြည်**

# နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်များ ကြွချီအပူဇော်ခံ

**ဘိုကလေး နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၏ အကြိမ်(၃၀)မြောက် နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓရုပ်ပွားတော်မြတ်များ ဒေသစာရီကြွချီအပူဇော်ခံပွဲကို ဘိုကလေးမြို့နယ်တွင် နိုဝင်ဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

၂၀၁၄ ခုနှစ်တွင် ဘိုကလေးတံတားဆောက်လုပ်ပြီးစီးခြင်းကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် (၂၉)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ အပူဇော်ခံပွဲကို နှစ်စဉ် သုံးရက်မှ နှစ်ရက်တိုးပြီး တန်ဆောင်မုန်းလဆန်း ၁၃၊ ၁၄၊ ၁၅ရက်၊ လပြည့်ကျော် ၁၊ ၂ ရက် သတ်မှတ်ပြီး ငါးရက်တိုင်တိုင် ကျင်းပခဲ့ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ်အကြိမ်(၃၀)မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ အပူဇော်ခံပွဲကျင်းပရာ ဘိုကလေးမြို့ပေါ်ရှိ ရပ်ကွက်ပေါင်း ၁၀ ရပ်ကွက်တွင် စည်ကားသိုက်မြိုက်စွာ မြို့တွင်းမြို့ပြင်အနှံ့ အလှည့်ကျ ဒေသစာရီ ကြွချီအပူဇော်ခံကျင်းပလျက်ရှိကြောင်း သိရသည်။ **မြင့်လွင်(ဘိုကလေး)**

# လူထုဒေါ်အမာ ရာပြည့်စာတမ်းဖတ်ပွဲ ပထမနေ့ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၇**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၈၄)လမ်း (၃၁)လမ်းထောင့်ရှိ ဓမ္မသာလာခန်းမဆောင်၌ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီက လူထုဒေါ်အမာ ရာပြည့်စာတမ်းဖတ်ပွဲ (ပထမနေ့)ကျင်းပခဲ့သည်။





အခမ်းအနားတွင် ဦးသန်းဌေး (ဆရာသင့်နော်-ဥတ္တရာလွင်ပြင်)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။ စာတမ်းဖတ်ပွဲတွင် ဒေါ်ခင်နှင်းဦး၏ "စာပေပြတင်းပေါက်က လှစ်ဟပြတဲ့ အိမ်နီးချင်းတို့ဘဝ" စာတမ်းကို ကိုယ်စားဖတ်ကြားသူ ဒေါ်ခင်သီတာလတ်က လည်းကောင်း၊ ဦးအောင်မြင့်ဦး၏ "အယ်ဒီတာလူထုဒေါ်အမာ"စာတမ်းကို ကိုယ်စားဖတ်ကြားသူ ညီပုလေးကလည်းကောင်း၊ နေယုက "ကဗျာထဲက အမေမာ" စာတမ်းကိုလည်းကောင်း၊ ညီစေမင်းက "ဒေါ်ဒေါ်ရဲ့ ဗီဇနဲ့ ပတ်ဝန်းကျင်" စာတမ်းကိုလည်းကောင်း ဖတ်ကြားကြကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**

# လူထုဒေါ်အမာ ရာပြည့်အထိမ်းအမှတ် စာအုပ်ရောင်းပွဲတော်ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၇**

သတင်းစာဆရာ စာရေးဆရာမကြီး လူထုဒေါ်အမာ၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ စာတမ်းဖတ်ပွဲနှင့် စာအုပ်ရောင်းပွဲတော်ကို နိုဝင်ဘာ ၂၆ ရက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၈၄)လမ်းနှင့် (၃၁)လမ်းထောင့်ရှိ ဓမ္မသာလာခန်းမဆောင်၌ ကျင်းပသည်။

အထိမ်းအမှတ်ပြပွဲဖွင့်ပွဲတွင် ဆရာကိုလေး(အင်းဝဂုဏ်ရည်)နှင့် ဆရာညီပုလေးတို့က အမှတ်တရစကားများပြောကြားသည်။ ထို့နောက်ကျောက်ဆည်မြို့မှ အောင်ဆန်းဇာနည်ဆင်အဖွဲ့နှင့် ကပြဖျော်ဖြေကြသည်။

အဆိုပါ အထိမ်းအမှတ်ပြပွဲတွင် လူထုဒေါ်အမာ၏ပုံရိပ်ကို ဖော်ညွှန်းနေသော ဓာတ်ပုံများ၊ လက်ရေးစာမူများ၊ ရေးသားထုတ်ဝေခဲ့သောစာအုပ်များနှင့် စာအုပ်မျက်နှာဖုံးများကို ပြသထားသည်။

စာအုပ်ပွဲတော်တွင် လူထုဒေါ်အမာ၏ စာအုပ်များကို ၁၅ ရာခိုင်နှုန်း စျေးလျှော့ရောင်းချပေးပြီး အဆိုပါပြပွဲကို နိုဝင်ဘာ ၂၉ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ခင်းကျင်းပြသထားမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်ငြိမ်း**

# မြေငလျင်လှုပ်မှုကြောင့် ကနီနှင့် ဘုတလင်မြို့တို့မှ ဘုရားစေတီအချို့ ထိခိုက်ပျက်စီး



**မုံရွာ နိုဝင်ဘာ ၂၇**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ယနေ့ ညနေ ၃ နာရီ ၄ မိနစ် ၁၈ စက္ကန့်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ အနောက်မြောက်ဘက် ၃၅ မိုင်ခန့်ကို ဗဟိုပြုပြီး အင်အား ရစ်ချ်တာစကေး ၅ ဒသမ ၄ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ငလျင်လှုပ်ခတ်မှုကြောင့် ငလျင်ဗဟိုချက်နှင့်နီးသော ချင်းတွင်းမြစ်အနောက်ဘက် ယင်းမာပင်ခရိုင်ရှိ ကနီမြို့ပေါ်မှ ရွှေမြင်းဖြူ အရံစေတီတစ်ဆူ၊ ရှင်ပင်စစ်သားစေတီနှင့် အောင်သိဒ္ဓိစေတီတို့တွင် အက်ကြောင်းများဖြစ်ပေါ်ခြင်း၊ ထီးတော်ယိုင်ခြင်း၊ သီတာဦးစေတီမှာ စိန်ဖူးတော်နှင့် ထီးတော်များမြေခြင်းများ ဖြစ်ပွားခဲ့သည်။

ထို့အပြင် မုံရွာခရိုင် ဘုတလင်မြို့နယ် မောင်းထောင်စံပြကျေးရွာရှိ မာန်အောင်မြင်ဘုရားဝင်းအတွင်းရှိ မြောက်ဘက်စေတီမှာ ထီးတော်မြေခပြီး တောင်ဘက်စေတီမှာ စိန်ဖူးတော်မြေခဲ့ကြောင်း၊ ကံဆုံဘုရားစေတီမှာ ထီးတော်တစ်ဝက်မှ ပြုတ်ကျခဲ့ကြောင်း သိရသဖြင့် တာဝန်ရှိသူများမှ လိုအပ်သည်များ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ကနီမြို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် စေတီများကို တွေ့ရစဉ်။ ဓာတ်ပုံ-သန်းဌေးအောင်(ကနီ)

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဖားကန့်ဒေသ မြေစာပုံပြိုကျမှုတွင် ပါဝင်သည့် မိသားစုများအား တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေနှင့်ပစ္စည်းများပေးအပ်

**မြစ်ကြီးနား နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ကမ်ခမ်စုပေါင်းမြေစာပုံ၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၃ နာရီခန့်က အမြင့်ပေ ၂၀၀ ခန့်မှ မြေစာများပြိုကျမှုဖြစ်ပွားခဲ့ရာ လုံးခင်းကျေးရွာအုပ်စု လမောင်းကျေးရွာ လျှိုထဲရှိ ယာယီလူနေတဲများပေါ်သို့ ပြိုကျခဲ့သဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှေ့တန်းအမှတ်(၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်မှ တပ်ရင်း၊ တပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီများမှ ဘက်ဟိုးယာဉ်များဖြင့် ယနေ့အထိ ရှာဖွေလျက်ရှိသည်။ **(အောက်ပုံ)**

ယနေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့် အဖွဲ့သည် ဖားကန့်ဒေသ မြေစာပုံပြိုကျမှုဖြစ်ပွားသည့်နေရာသို့ မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး ဘက်ဟိုးယာဉ် ၂၁ စီးဖြင့် ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကယ်ဆယ်ရေးအဖွဲ့များမှ ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး မြေစာပုံပြိုကျမှုအခြေအနေများနှင့် သေဆုံးသူမိသားစုများ ရှာဖွေတွေ့ရှိမှုအခြေအနေတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။






ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်းကော့ကျေးရွာ မဏိသုခဘုန်းတော်ကြီးကျောင်း၌ မြေစာပုံပြိုကျမှုတွင် ပါဝင်ခဲ့သည့် မိသားစုများနှင့်တွေ့ဆုံပြီး အားပေး စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မိသားစုများကို ထောက်ပံ့ငွေများပေးအပ်ရာ ရှာဖွေတွေ့ရှိသည့် သေဆုံးသူ ၁၁၄ ဦးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဦးလျှင်ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၁၄ သိန်း၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ တစ်ဦးလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၃၄၂ သိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့က သေဆုံးသူများမှ အမည်သိ မိသားစုဝင် ၈၃ ဦးအတွက် တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် စုစုပေါင်းငွေကျပ် ၈၃ သိန်းစီ၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ငွေကျပ် နှစ်သိန်းတို့ဖြင့် စုစုပေါင်းငွေကျပ် ၆၂၄ သိန်းနှင့် မြို့နယ်မှ ဆန် ၁၁၄ အိတ်နှင့် ဆီ ၂၂၈ ပိဿာတို့ကို ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိပ်မူကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရန်ပုံငွေ ကျပ်သိန်း ၂၅၀၀ ဖြင့် တည်ဆောက်လျက်ရှိသည့် ဝေ့ခါချောင်းကူးတံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# စဥ့်ကိုင်မြို့နယ်၌ ဘောလုံးကွင်းပြုပြင်တည်ဆောက်

**စဥ့်ကိုင် နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ်ရှိ ဘောလုံးကွင်းကြီးသည် ရန်ကုန်-မန္တလေးလမ်းဟောင်း အနောက်ဘက်၌တည်ရှိပြီး အနီးဝန်းကျင်ရှိ အိမ်ဝိုင်းများမှာ ကွင်းထက် ပိုမိုမြင့်မားနေခြင်း၊ ကွင်းမျက်နှာစာတွင် လယ်မြေရေသွင်းမြောင်းဖြတ်သန်းစီးဆင်းလျက်ရှိခြင်း၊ ရေနစ်မြုပ်၍ ပျက်စီးယိုယွင်းနေသောကြောင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ငွေကျပ်သိန်း ၁၂၀၀ အကုန်အကျခံကာ တည်ဆောက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ဘောလုံးကွင်းကြီးအား အလျားပေ ၃၉၀၊ အနံပေ ၂၇၀ နှစ်ပေမြေသားဖို့ခြင်း၊ ဘောလုံးကွင်းပတ်လည်၌ ရေနုတ်မြောင်းတူးဖော်ခြင်း၊ ပွဲကြည့်စင် ပြန်လည်မွမ်းမံတည်ဆောက်ခြင်း၊ ဦးစီးအရာရှိနေအိမ်နှင့် ရုံးခန်းတည်ဆောက်ခြင်း၊ ကွင်းပတ်လည်ခြံစည်းရိုးကာရံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်တင်ထွေး(စဥ့်ကိုင်)**

# မိုးညှင်းမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကျင်းပ

**မိုးညှင်း နိုဝင်ဘာ ၂၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၉ နာရီက မိုးညှင်းမြို့ အထက(၁) အားကစားပြိုင်ကွင်း၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာအောင်က အမှာစကားပြောကြားသည်။

ကျောင်းပေါင်းစုံအားကစားပြိုင်ပွဲကို ဘောလုံး၊ ဘတ်စကက်ဘော၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်၊ ပြေးခုန်ပစ် ခြောက်မျိုးဖြင့် ကျင်းပမည်ဖြစ်ပြီး ကျောင်းပေါင်းစုံမှအားကစားသမား ၉၉၅ ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဖွင့်ပွဲသို့ခရိုင်အုပ်ချုပ်ရေးမှူးဦးအောင်စိုးမိုးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ကျောင်းပေါင်းစုံမှ ကျောင်းအုပ်ကြီးများနှင့် အားကစားအသင်းအုပ်ချုပ်သူများ၊ အားကစားနည်းပြများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြကြောင်း သိရသည်။ **(ဝ၆၃)**

နိုင်ငံတကာအားကစား

# ယူရိုပါလိဂ်အုပ်စု (၅)ပွဲစဉ်များ ယှဉ်ပြိုင်၊ လီဗာပူးနှင့်စပါးအနိုင်ရရှိ

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် အုပ်စုပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု (B) မှ လီဗာပူးနှင့် ဘော်ဒိုးတို့ပွဲတွင် အိမ်ရှင် လီဗာပူးက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

နည်းပြဂျာဂျင်ကလော့ပ်၏ လီဗာပူးအသင်းသည် ၄-၃-၃ ကစားကွက်ဖြင့် တိုက်စစ်အတွဲကို ဘန်တီကီ၊ ဖာမီနို၊ ဂျော်ဒန်အိုင်ဘီ၊ ကွင်းလယ်တွင် ဂျိမ်းစ်မီလ်နာ၊ လိုင်ဗာ၊ ဂျိုးအလန်း၊ နောက်တန်းတွင် မိုရီနို၊ လော့ဗ်ရန်၊ ကိုလိုတိုရေး၊ ဆီလီနီနှင့် ဂိုးသမား မစ်နိုလတ်တို့ ပါဝင်ခဲ့သည်။ ဧည့်သည်ဘော်ဒိုးအသင်းမှာ ၄-၄-၂ ပုံစံဖြင့် တိုက်စစ်ပိုင်းတွင် ခရီဗယ်လီနှင့်ဂျက်ဆီတို့ကို အတွဲထားကာ ကွင်းလယ်တွင် ရိုလန်၊ ဟန်ရီဆိုင်ဗတ်၊ ချန်တိုမီ၊ ပလာဆီလ်၊ နောက်တန်းတွင် ကွန်တန်တို၊ ရမ်ဘီရီ၊ လူဒိုဗစ်၊ ပိုကိုနှင့်ဂိုး-ကာရက်စ်ဆိုတို့ ပွဲထွက်လာခဲ့သည်။

ပထမပိုင်းပွဲချိန် ၃၃ မိနစ်တွင် ဘော်ဒိုးအတွက် ဦးဆောင်ဂိုးကို ကွင်းလယ်ကစားသမား ဟန်ရီဆိုင်ဗတ်က သွင်းယူခဲ့သည်။ ၃၈ မိနစ်တွင် အိမ်ရှင်လီဗာပူး ပယ်နယ်တီကန်ခွင့်ရကာ ကွင်းလယ်ကစားသမား ဂျိမ်းစ်မီလ်နာက ချေပဂိုးသွင်းယူခဲ့သည်။ ပထမပိုင်းပြီးခါနီး ပွဲချိန် ၄၅ မိနစ်တွင် ဆီလီနီဖန်တီးပေး၍ တိုက်စစ်မှူးဘန်တီကီက လီဗာပူးအတွက် အနိုင်ဂိုးသွင်းယူခဲ့သည်။ **(အောက်ပုံ)** ဒုတိယပိုင်းတွင် နှစ်သင်းစလုံးလူစားလဲမှုများ ပြုလုပ်ခဲ့သော်လည်း ဂိုးမရရှိဘဲ လီဗာပူးအသင်း ပွဲပြီးချိန်တွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ်(၅)အပြီး လီဗာပူးအသင်း ရမှတ် ကိုးမှတ်ရရှိကာ ဇယားထိပ်တွင် ဦးဆောင်နေပြီး ရမှတ်ရှစ်မှတ်ရရှိထားပြီး အဆင့် (၂)တွင် ရပ်တည်နေသော ဆီယွန်အသင်းနှင့်အုပ်စု ပထမရရှိရေး ဒီဇင်ဘာ ၁၀ ရက်တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘော်ဒိုးအသင်းသည် နောက်တစ်ဆင့် မတက်နိုင်တော့ဘဲ ရမှတ်သုံးမှတ်သာရရှိထားသည်။

တခြားပွဲစဉ်အဖြစ် အုပ်စု (J) မှ အဇာဘိုင်ဂျန်ကလပ် ကာရာဘတ်နှင့် အင်္ဂလန်ကလပ် စပါးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အဝေးကွင်း၌ စပါးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အိမ်ရှင် ကာရာဘတ်အသင်းသည် ၄-၂-၁-၃ ပုံစံနှင့် စပါးအသင်းမှာ ၄-၂-၃-၁ ကစားကွက်ဖြင့် ယှဉ်ပြိုင်ခဲ့ကြရာ ပထမပိုင်းပြီးချိန်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့ပေ။ ဒုတိယပိုင်း ၇၈ မိနစ်တွင် စပါးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မင်ဆန်ဟောင် ဖန်တီးပေးပြီး တိုက်စစ်မှူး ဟယ်ရီကိန်းက သွင်းယူခဲ့သည်။

စပါးအသင်းသည် ရမှတ် ၁၀ မှတ်ရရှိထားကာ နောက်တစ်ဆင့်တက်ရန် သေချာသွားပြီဖြစ်ပြီး ဒီဇင်ဘာ ၁၀ ရက်တွင် အိမ်ကွင်း၌ ပြင်သစ်ကလပ် မိုနာကိုနှင့် ကစားရမည်ဖြစ်သည်။



### ယူရိုပါလိဂ်အခြားအုပ်စု ပွဲစဉ်ရလဒ်များ

| | | |
|---|---|---|
| **အုပ်စု (A)** | | |
| မိုလ်ဒီ | ၀-၂ | ဖီနာဘာချီ |
| ဆဲလ်တစ် | ၁-၂ | အိုင်းယက်စ် |
| **အုပ်စု (B)** | | |
| ရူဘင်ကာဇန် | ၂-၀ | ဆီယွန် |
| **အုပ်စု (C)** | | |
| ခရက်စ်နိုဒါ | ၁-၀ | ဒေါ့မွန် |
| PAOK | ၀-၀ | ကာဘယ်လာ |
| **အုပ်စု (D)** | | |
| လီဂီယာဝါဆော | ၁-၀ | မစ်ဂျယ်လန်း |
| ကလပ်ဘရု | ၀-၁ | နာပိုလီ |
| **အုပ်စု (E)** | | |
| ဒိုင်နမိုမင့်စ် | ၁-၀ | ပါလ်ဇန် |
| ဗီလာရီးရဲလ် | ၁-၀ | ရက်ပစ်ဝီအန် |
| **အုပ်စု (F)** | | |
| ဘရာဂါ | ၂-၁ | လစ်ဘာရေ့စ် |
| မာဆေး | ၂-၁ | ဂရိုနင်ဂျန် |
| **အုပ်စု (G)** | | |
| လာဇီယို | ၃-၁ | ဒိနီပရို |
| ရိုစင်ဘော့ | ၁-၁ | စိန့်အက်တီယန် |
| **အုပ်စု (H)** | | |
| လိုကိုမိုးတစ်မော်စကို | ၂-၄ | စပို့တင်းစီပီ |
| ဘက်ဆစ်တပ် | ၂-၀ | စကန်ဒါဘူး |
| **အုပ်စု (I)** | | |
| ဘေဆယ်လ် | ၂-၂ | ဖီအိုရင်တီးနား |
| ဘယ်လန်နန်ဆက် | ၀-၀ | လက်ချ်ပေါ့ဇ်နန် |
| **အုပ်စု (J)** | | |
| မိုနာကို | ၀-၂ | အန်ဒါလက်ချ် |
| **အုပ်စု (K)** | | |
| ရှော်လ်ကေး | ၁-၀ | အေပိုးလ် |
| စပါတာပရပ်ဂ် | ၁-၀ | ထရီပိုလစ် |
| **အုပ်စု (L)** | | |
| အယ်ခမာ | ၁-၂ | ပါတီဇန် |
| အော့စ်ဘတ် | ၂-၃ | ဘီလ်ဘာအို |

**သီဟ**

# ကျေးရွာအရောက် ဆိုလာများပေးအပ်

**ညောင်ရွှေ နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးရန်ပုံငွေဖြင့် မီးလင်းရေးဆောင်ရွက်မှုအဖြစ် ဆိုလာမီးများပေးအပ်ခဲ့ရာ နိုဝင်ဘာ ၂၇ ရက်အထိ ဆိုလာ ၄၇၄ စုံ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ဆိုလာမီးများကို ကျေးရွာများအရောက် ကွင်းဆင်းပေးအပ်ခဲ့ရာတွင် ပင်ချိုကျေးရွာ၊ နောင်ကင်ကျေးရွာ၊ ဒုံတခေါ့ကျေးရွာ၊ လွယ်ခေါ့(အင်းယား) ကျေးရွာ၊ လွယ်ခေါ်(ကုန်းပေါ်)ကျေးရွာ၊ လွယ်ခေါ့(ကျောင်းမြောက်)ကျေးရွာ၊ လွယ်ခေါ့ (ကျောင်းနား)ကျေးရွာ၊ လွယ်ခေါ့(အလယ်)ကျေးရွာ၊ နောင်ပိုကျေးရွာ၊ လွယ်ခေါ့လွယ်ယမ်းကျေးရွာတို့အတွက် စုစုပေါင်း ဆိုလာ ၄၇၄ စုံကို ညောင်ရွှေမြို့နယ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာများအရောက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ဝ၅၄)**

# ပိုလီယိုကာကွယ်ဆေးထိုးနှံခြင်း အသိပေးရှင်းလင်း

**နတ်တလင်း နိုဝင်ဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်၌ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေးအသစ် (IPV) စတင်ထိုးနှံခြင်းအသိပေးရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက်က ဆောင်ရွက်ခဲ့ရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က အမှာစကားပြောကြားသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာရီရီခင်က စတင်ထိုးနှံမည့် ပိုလီယို ကာကွယ်ဆေးအသစ်နှင့်ပတ်သက်၍ ကာကွယ်ဆေးအကြောင်းများ၊ အကျုံးဝင်ကလေးများ ပိုလီယိုရောဂါအကြောင်းနှင့် ဆောင်ရွက်သွားမည့် ကာကွယ်ဆေးထိုးအစီအစဉ်များအကြောင်းကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ အခမ်းအနားတွင် NGO အဖွဲ့များ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာကျန်းမာရေးဌာနမှတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြကြောင်း သိရသည်။ **တင်မြင့်(နတ်တလင်း)**



**ကန်ပက်လက် နိုဝင်ဘာ ၂၇**

ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ပိုလီယိုကာကွယ်ဆေး(ထိုးဆေး) ထိုးနှံခြင်းလုပ်ငန်း အသိပညာပေးရှင်းလင်းခြင်းကို နိုဝင်ဘာ ၂၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ပေါင်ရှန်းလျန်က ပါးစပ်မှတိုက်ရသော ပိုလီယိုအစက်ချကာကွယ်ဆေးတိုက်ကျွေးခြင်း၏အကျိုး၊ ပိုလီယိုကာကွယ်ဆေးထိုးဆေး (IPV) ၏ အကျိုးပိုမိုရှိမှု၊ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း တစ်ကြိမ်သာဆေးထိုးရန် ဆောင်ရွက်မှု၊ ကာကွယ်ဆေးထိုးနှံမည့်ကလေးများအားလုံး ဆေးထိုးနိုင်ရန်အဖွဲ့အစည်းများနှင့် မိဘပြည်သူများ ပူးပေါင်းပါဝင်ကူညီရန် လိုအပ်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ပြည်မြို့၌ ပညာပါရမီကွန်ပျူတာစင်တာ ဖွင့်လှစ်

**ပြည် နိုဝင်ဘာ ၂၇**

အခြေခံပညာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးပညာရေးမှူးရုံး ပြည်မြို့(ရုံးခွဲ)မှကြီးမှူးကျင်းပသော ပညာပါရမီကွန်ပျူတာစင်တာဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၇ ရက် နံနက် ၈ နာရီခွဲက ပြည်မြို့နယ်ပညာရေးမှူးရုံးရှေ့ရှိ အဆိုပါကွန်ပျူတာစင်တာခန်းမအဆောက်အအုံ၌ကျင်းပခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးပညာရေးမှူးရုံး ပြည်မြို့(ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦး ၊ သာယာဝတီခရိုင်ပညာရေးမှူး ဦးမောင်မောင်ဌေးနှင့် ပြည်ခရိုင်ပညာရေးမှူး ဦးခင်မောင်ဝင်းတို့က ကွန်ပျူတာစင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး သင်တန်းဖွင့်အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းပညာပါရမီကွန်ပျူတာစင်တာတွင် ပဲခူးတိုင်းဒေသကြီးအနောက်ခြမ်းအတွင်းရှိ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးဌာနများမှ စာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို အခြေခံကွန်ပျူတာပညာရပ်များ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မျိုးကျော်ကြီး(ပြန်/ဆက်)**



နိုဝင်ဘာ ၂၆ ရက် ညက အလုံမြို့နယ် ဧရာဝတီရပ်ကွက် ကမ်းနားလမ်းအတိုင်းအလုံမြို့နယ်မှ လမ်းမတော်မြို့နယ်ဘက်သို့ ယာဉ်မောင်း ဦးနေလင်းဦး မောင်းနှင်သည့် EE/---- အငှားယာဉ်သည် သခင်မြပန်းခြံရှေ့အရောက်၌ အရှိန်မထိန်းနိုင်မှုကြောင့် လမ်းဘေးရှိသစ်ပင်ကို ဝင်ရောက်တိုက်မိပြီး ပက်လက်လန်တိမ်းမှောက်နေမှုကို တွေ့ရစဉ်။ ကိုကြီးတင်

# လဲချားမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**လဲချား နိုဝင်ဘာ ၂၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) လဲချားမြို့၌ မြို့မရဲစခန်းမှ ဒုရဲအုပ် ရှိုင်းထွဋ်နောင် ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီခွဲခန့်က လဲချား-တောင်ကြီး မျိုးဆက်သစ် ယာဉ်ငယ်ဂိတ်အနီး၌ သတင်းအရ စောင့်ဆိုင်းနေစဉ် တောင်ကြီးသို့သွားရန် ကားဂိတ်သို့ ရောက်ရှိလာသော စွမ်းထက်လင်းနှင့် စည်သူအောင်တို့ နှစ်ဦးအား ရှာဖွေရာ စွမ်းထက်လင်း ကိုင်ဆောင်ထားသော လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသည့် အမှုန့် ၁၁ ဒသမ ၂၂ ဂရမ်၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၅ ပြား၊ အနီရောင်ဘူးငယ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အမှုန့် ဝ ဒသမ ၀၅ ဂရမ်၊ ဆေးထိုးပိုက်ငယ် ငါးချောင်းကိုလည်းကောင်း၊ စည်သူအောင်ကိုင်ထားသည့် လက်ဆွဲအိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသည့် ၁၁ ဒသမ ၂၂ ဂရမ်ကို သိမ်းဆည်းရမိသည်။

စွမ်းထက်လင်းနှင့် စည်သူအောင်တို့အားစစ်မေးရာ စိုးနိုင်က ဝယ်ယူပေးခဲ့ကြောင်း သိရသဖြင့် နောင်မိန်းကျေးရွာနေ စိုးနိုင်၏ နေအိမ်ကို ရှာဖွေရာ စိုးနိုင်အား နေအိမ်၌ တွေ့ရှိရပြီး ၎င်း၏ အကျီအိတ်အတွင်းမှ ဘိန်းဖြူဟုယူဆရသော အမှုန့် ဝ ဒသမ ၁၄ ဂရမ်၊ နေအိမ်အတွင်းမှ ပလတ်စတစ်ဖြင့်ထုပ်လျက် ဘိန်းမည်း ၄၉ ဂရမ် သိမ်းဆည်းရမိသည်။

မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသယ်ဆောင်ကြသော သယ်န်းကျွန်းမြို့နယ်၌ နေထိုင်သူ စွမ်းထက်လင်း(၂၄ နှစ်)နှင့် စည်သူအောင်(၂၃နှစ်) လဲချားမြို့ နောင်မိန်းကျေးရွာ၌နေထိုင်သူ စိုးနိုင်(၃၉ နှစ်)တို့အား လဲချားမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မတော်တဆ ဖုန်းပေါက်ကွဲမှုဖြစ်ပွား

**ဘောဂလိ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် ဘားအံခရိုင် ဘောဂလိမြို့ ရေသိုးလေးကျေးရွာ၌ နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီက ဖုန်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါနေ့က NGO အဖွဲ့များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာနေပြည်သူများ အစည်းအဝေးကျင်းပနေစဉ် အစည်းအဝေးသို့ မိခင်နှင့်အတူပါလာသော ကလေးငယ်က ဖုန်းကို ကစားနေသဖြင့် မိခင်က ပြန်လည်ကောက်ယူပြီး စားပွဲပေါ်သို့တင်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်းနှင့် ဖုန်းပေါက်ကွဲမှုကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

**ဘောဂလိ(ပြန်/ဆက်)**

# မူးယစ်ဆေးဝါးများနှင့် လုပ်သေနတ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်က တာချီလိတ်မြို့ ဝမ်လုံးကျေးရွာအုပ်စု လွယ်စတုံ(အပေါ်) ကျေးရွာရှိ လော်ဖာ၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့် မဘူးဒွေတို့နှစ်ဦးအား ဘိန်းဖြူ ဝ ဒသမ ၀၀၀၀၀၁ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၄ ပြားနှင့် သစ်သားလက်ကိုင် လေးလက်မနှင့် ပြောင်းအရှည် ၁၀ လက်မခန့်ရှိ လုပ်သေနတ်တစ်လက်တို့ကို သိမ်းဆည်းရမိသည်။

အလားတူ နိုဝင်ဘာ ၂၅ ရက်က ကွတ်ခိုင်-ကောင်းခါးမြို့သစ်သွားလမ်းခွဲအနီး လမ်းမပေါ်၌ လွယ်ခန်ကျေးရွာဘက်မှ အိုက်ဆမ်မွန်းမောင်းနှင်ပြီး အိုက်ရီလိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၇၀ နှင့် ဘိန်းဖြူ ဝ ဒသမ ၀၀၇ ကီလိုတို့ကိုလည်းကောင်း၊ နိုဝင်ဘာ ၂၂ ရက်က တာချီလိတ်ဘက်မှ ပိန်းညောင်ရွာဘက်သို့ အားချေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁ ဒသမ ၂ ကီလို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၇**

မူးယစ်တပ်ဖွဲ့စု(၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၂၅ ရက်က မူဆယ်မှ မန္တလေးသို့ ယာဉ်မောင်း ဦးစိုးသိန်း မောင်းနှင်လာသည့် ရွှေလီဦး ခရီးသည်တင်မှန်လုံယာဉ်ကို ရှာဖွေရာ ခုံအမှတ်(၉)တွင် လိုက်ပါလာသူ ခရီးသည် မခိုင်ခိုင်မြင့်နှင့် ခုံအမှတ်(၁၀)တွင် လိုက်ပါလာသူ ခရီးသည် မနီနီဝင်းတို့ နှစ်ဦးအလယ်ရှိ ၎င်းတို့နှစ်ဦးအမည်နှင့် ခုံအမှတ်လေဘယ်ကတ်များ ချိတ်ဆွဲထားသည့် ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူအလေးချိန် ဝ ဒသမ ၁၉၂ ကီလို နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ နိုဝင်ဘာ ၂၅ ရက်က ချမ်းမြသာစည်မြို့နယ် ဖဖ-၄ (၅၀×၅၁) လမ်းကြား လမ်းသွယ်(၃) ထွန်းတုံးရပ်ကွက်ရှိ သန်းဌေး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀ ကို သိမ်းဆည်းရမိခဲ့သည်။



မခိုင်ခိုင်မြင့်နှင့် မနီနီဝင်းတို့နှစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

နိုဝင်ဘာ ၂၆ ရက်က ကမာရွတ်မြို့မရဲစခန်းသို့ အောင်နိုင်ဝင်းသည် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ လာရောက် အဖမ်းခံကြောင်း အကြောင်းကြားချက်အရ ၎င်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၄ ပြားနှင့် ၎င်းနေထိုင်သည့် လှိုင်မြို့နယ် (၁)ရပ်ကွက် ဇေယျာမင်္ဂလာလမ်း တိုက်(၂၁) ငါးလွှာ၌ စိတ်ကြွရူးသွပ်ဆေးမှုန့် ဝ ဒသမ ၀၀၀၃၄ ကီလို ထပ်မံသိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ပခုက္ကူမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖြန့်ဖြူးနေသူကို ဖမ်းဆီး

**ပခုက္ကူ နိုဝင်ဘာ ၂၇**

ပခုက္ကူမြို့ စက်မှုဇုန်(၆)လမ်း၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖြန့်ဖြူးရောင်းချနေသူတစ်ဦးကို နိုဝင်ဘာ ၂၆ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း ပခုက္ကူခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၂၆ ရက် ည ၁၁ နာရီက ပခုက္ကူခရိုင် မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ဒုရဲအုပ်အုန်းရွှေနှင့်အဖွဲ့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်းသတင်းအရ စက်မှုဇုန်(၆)လမ်း ဇုန်လည်ထမင်းဆိုင်အနီးမှ စောင့်ဆိုင်းနေစဉ် စက်မှုဇုန်(၉)လမ်းဘက်မှ (၆)လမ်းဘက်သို့ ၃၂ယ/---- ပင်ဘို ၁၁၀ ဆိုင်ကယ်မောင်းနှင်လာသူကို ရပ်တန့်စစ်ဆေးရာ ဆိုင်ကယ်စီးနင်းလာသူမှာ ပြည့်ဖြိုးအောင်(ခ) အောင်ပု(၂၂ နှစ်) ပခုက္ကူမြို့နေသူဖြစ်ပြီး ၎င်းဝတ်ဆင်ထားသော အကျီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉ ပြားကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ထွက်ဆိုချက်အရ ထိုဆေးပြားများကို စက်မှုဇုန်(၉)လမ်းနေ ဒေါ်သင်း(၄၃ နှစ်)က စက်မှုဇုန်(၆)လမ်း၌ စောင့်နေသော အမည်မသိလူငယ်နှစ်ဦးထံပို့ပေးရန်ပြော၍ သယ်ဆောင်လာစဉ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပြည့်ဖြိုးအောင်(ခ)အောင်ပုနှင့် ဒေါ်သင်းတို့နှစ်ဦးကို ပခုက္ကူမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**


## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3I/2285 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

## အိမ်ရောင်းမည်

မြေညီထပ် ၁၂' ×၄၀'×၁၃' (အခန်းမဖွဲ့ထား) ၄၃လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တထောင်မြို့နယ်။

**ရောင်းဈေး** - ကျပ် သိန်း ၁၁၀၀
**ဆက်သွယ်ရန်ဖုန်း** - ၀၁-၃၉၂၄၁၆
၀၉-၅၁၇၀၃၄၃
၀၉-၂၅၄၀၁၁၇၀၆

## အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မှော်ဘီမြို့၊ မြို့မ(၂)တိုးချဲ့ရပ်ကွက်ရှိ မှော်ဘီမြို့ကိုယ်ထူကိုယ်ထအိမ်ယာချထားရေးကော်မတီမှ ချထားပေးသော ဒေါ်သန္တာချိန်းအမည်ပေါက် အိမ်ယာအဆင့် (BR)၊ အိမ်ယာကွက်အမှတ်(၉)၊ ဧရိယာ (၀.၀၆)ဧကရှိ မြေကွက်ကို (၃.၈.၂၀၁၄)နေ့ကတည်းက ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူကာ လက်ဝယ်ထားရှိ ပိုင်ဆိုင်ထားသောမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်ကို ကျွန်ုပ်၏မိတ်ဆွေသိရှိသဘောတူညီခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက် ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ရန် နှင့် ထိုသို့ ပြုလုပ်လာပါကလည်း လက်ခံဆောင်ရွက် ခြင်းမပြုလုပ်ကြပါရန် သတိပေး ကြေညာအပ်ပါသည်။ ထိုသို့ ပြုမူ ဆောင်ရွက်သည်ကို သိရှိရပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဦးထွန်းအောင်(ငါးသိုင်းချောင်း)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၂၉)
Leader: Htun Associates Law Firm
၀၉-၅၀၅၄၃၆၆

## ဖိတ်ခေါ်ခြင်း

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှကူညီသော LED Display Board များကို အမျိုးသားဇာတ်ရုံ(ရန်ကုန်)တွင် တပ်ဆင်ခြင်းလုပ်ငန်းများ ပြီးမြောက်ပြီဖြစ်၍ စမ်းသပ်ပြသမှုကို အဆိုပါဇာတ်ရုံ၌ ၂၈-၁၁-၂၀၁၅ရက် (စနေနေ့) ညနေ ၆နာရီတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။ စမ်းသပ်ပြသမှုတွင် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မှတ်တမ်းတင် DVD ကို နှစ်နာရီကြာ ပြသသွားမည်ဖြစ်၍ စိတ်ပါဝင်စားသူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**အနုပညာဦးစီးဌာန**

## Beauty Salon တွင်ခန့်ထားရန် ဝန်ထမ်းအလိုရှိသည်။

**1. Manager Female(1)post**

- တရုတ်စကားပြောအသင့်အတင့် တတ်ကျွမ်းရမည်။
- ဘွဲ့ရဖြစ်ရမည်။
- လုပ်သက်(၂)နှစ် ရှိရမည်။
- ရုပ်ရည်ပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။
- **Beauty Salon** တွင် လုပ်ကိုင်ဖူးသူအား ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် **CV Form** မှတ်ပုံတင်/သန်းခေါင်စာရင်း/ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာမိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၂)ပုံနှင့်အတူ **(D-2),** ရွှေအင်ကြင်းရိပ်မွန်ကွန်ဒို၊ သုဝဏ္ဏလမ်းဆုံ၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။

E-mail, johnnwinn1981@gmail.com

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နိုင်လင်း ၉/ညဥန(နိုင်)၁၇၄၅၆၂ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၄၅၃၈၃၅၁

## ကျွန်းလှမြို့နယ်အတွင်း စပါးနှင့် အခြားသီးနှံများ အောင်မြင်

**ကျွန်းလှ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် သဖန်းဆိပ်ဆည်အနောက်ခြမ်း ကျေးရွာများရှိ မိုးကောင်းသောက်လယ်ယာမြေများတွင် စိုက်ပျိုးထားသော စပါးခင်းများ အောင်မြင်ဖြစ်ထွန်းသလို ဆောင်းသီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ မတ်ပဲနှင့် ပဲစင်းငုံသီးနှံများလည်း အောင်မြင်လျက်ရှိပြီး အထွက်နှုန်းကောင်း မွန်နိုင်ကြောင်း တောင်သူများထံမှ သိရသည်။

"ဒီနှစ် ရာသီဥတုမှန်တော့ ဆောင်းသီးနှံတွေကို စောစောစိုက်ရပြီး အပင်တွေ ကြီးထွားသလို အဖူးအပွင့်တွေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်။ ကျွန်တော်တို့ကျေးရွာတွေမှာ ကိုယ်ပိုင်ယာမြေတွေသာမက ချောင်းရေကျပြီး မြေနုကျွန်းတွေပေါ်ရင်ပေါ်သလို မြေပဲ၊ နှမ်း၊ မတ်ပဲနဲ့ ဟင်းသီးဟင်းရွက်ပင်တွေ စိုက်ကြပါတယ်။ ဒီနှစ်မှာ ယာသီးနှံကလည်းဖြစ်ထွန်း၊ ဈေးနှုန်းလည်း ကောင်းတော့ တောင်သူတွေ ပင်ပန်းရကျိုးနပ်ကြပါတယ်"ဟု ရေယိမ်းကျေးရွာနေ တောင်သူ ဦးညွန့်မောင်က ပြောသည်။

ထို့အပြင် ကျေးရွာများ၏ လယ်ယာလုပ်ငန်းများ၌ ထွန်ယက်ရာတွင် ထွန်စက်များအသုံးပြုလာကြသောကြောင့် လယ်သီးနှံနှင့် ဆောင်းသီးနှံများ ပို၍ အထွက်တိုးနိုင်မည်ဖြစ်ကြောင်းလည်း တောင်သူများက ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု တောင်သူပညာပေး ကွင်းသရုပ်ပြ

**ဒီပဲယင်း နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)က ကြီးမှူး၍ ငွေချည်(၉)ချည်မျှင်ရှည်ဝါစိုက်ပျိုးမှု တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၅ ရက်က စိုင်ပြင်ကျေးရွာရှိ ဝါစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန(စက်မှုသီးနှံ)မှ ဦးစီးမှူး ဦးထွန်းရှိန်က ဝါစိုက်ပျိုးမှုတိုးတက်ရေးအတွက် ဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနေမှု၊ ဝါဈေးကွက်ပီပီပြင်ပြင် ပေါ်ထွန်းလာရေးအတွက် ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူး ဦးမြင့်လှိုင်က ငွေချည်(၉) ချည်မျှင်ရှည်ဝါမျိုး၏ ထူးခြားချက်များအကြောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုမာက ဝါစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာလုပ်ငန်းများအကြောင်း၊ တစ်ဧက အထွက်နှုန်း တိုးတက်ရေးအတွက် ဆောင်ရွက်ပုံများကို ရှင်းလင်းပြောကြားခဲ့ပြီး စိုင်ပြင်ကျေးရွာမှ ငွေချည်(၉)ချည်မျှင်ရှည်ဝါ နှစ်ဧကစံပြကွက်တွင် စိုက်ပျိုးထားသော ဝါများအောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေကို ဒေသခံ ဝါစိုက်တောင်သူများအား လက်တွေ့ပြသခဲ့သည်။

**သိန်းထွန်း(ဒီပဲယင်း)**



## မြန်မာ့ရိုးရာ ရုပ်သေးရုပ်များကို နိုင်ငံခြားဧည့်သည်များ စိတ်ဝင်စားမှုမြင့်တက်

**ညောင်ဦး နိုဝင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံယဉ်ကျေးမှုမြို့တော်ရှိ စေတီတော်များတွင် ရောင်းချနေသော မြန်မာ့ရိုးရာ ကြိုးဆွဲရုပ်သေးရုပ်များကို နိုင်ငံခြားခရီးသွားဧည့်သည်များအနေဖြင့် စိတ်ဝင်စားစွာ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကြိုးဆွဲရုပ်သေးရုပ်တွေကိုရောင်းတာ အဘိုးအဘွားလက်ထက်ကတည်းကပါ။ ပုဂံက ရိုးရာယဉ်ကျေးမှုတွေကို အထူးထိန်းသိမ်းထားတဲ့ နယ်မြေလို့ပြောလို့ရပါတယ်။ ဒီရုပ်သေးရုပ်တွေကိုလည်း ပုဂံနယ်မြေမှာ ပြုလုပ်ကြတာပါ။ ရောင်းဈေးအနေနဲ့ တစ်ရုပ်ကို သုံးထောင်ကနေ တစ်သောင်းဝန်းကျင်အထိ ရှိပါတယ်။ ရောင်းအားအနေနဲ့တော့ အခုနှစ်ကုန်ပိုင်းမှာ ခရီးသွားနိုင်ငံခြားသားတွေ အဝင်များလာတော့ အဆင်ပြေပါတယ်။ ဒီဘုရားရောက် နိုင်ငံခြားသားအများစုက ကြိုးဆွဲရုပ်သေးရုပ်တွေကို စိတ်ဝင်စားပြီး ဝယ်ယူလေ့လာကြပါတယ်"ဟု ထီးလိုမင်းလိုဘုရားရင်ပြင်တော်ပေါ်မှ ကြိုးဆွဲရုပ်သေးရုပ် အရောင်းဆိုင်ရှင်တစ်ဦးက ပြောသည်။

ထီးလိုမင်းလိုစေတီတော်ကို နားတောင်းများမင်းက ဖခင်နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် စူဠာမဏိဘုရားပုံသဏ္ဍာန်အတိုင်း ခရစ်နှစ် ၁၂၁၁ မှ ၁၂၃၁ အတွင်း တည်ထားခဲ့ရာ နှစ်ပေါင်း ၈၀၀ နီးပါးရှိသည့် ရှေးဟောင်းစေတီတော်တစ်ဆူဖြစ်၍ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများဖြစ်သော နံရံဆေးရေးပန်းချီကားများ၊ အင်္ဂတေပန်းတော့လက်ရာများ အစရှိသော ယဉ်ကျေးမှုလက်ရာများ အများအပြားရှိကြောင်း သိရသည်။

အဆိုပါ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို နိုင်ငံခြားသား ခရီးသွားများအနေဖြင့် အထူးစိတ်ဝင်စားစွာ လာရောက်လေ့လာကြပြီး အဆိုပါဘုရားရင်ပြင်တော်ပေါ်တွင် ခင်းကျင်းရောင်းချနေကြသည့် ကြိုးဆွဲရုပ်သေးရုပ်များကိုပါ စိတ်ဝင်စားစွာ ဝယ်ယူနေကြခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## (၁၆)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ရက်ကန်းပြိုင်ပွဲ မုံရွာရွှေစည်းခုံစေတီတော်မြတ်ကြီး၌ ကျင်းပ

**မုံရွာ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ သမိုင်းဝင်ရွှေစည်းခုံစေတီတော်မြတ်ကြီးတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲနှင့် ရက်ကန်းပြိုင်ပွဲကို (၁၆)ကြိမ်မြောက်အဖြစ် နိုဝင်ဘာ ၂၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌက မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲကျင်းပခြင်းကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌတို့က ရက်ကန်းပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင်အသင်းများ၏ ရက်ကန်းခတ်နေပုံကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြိုင်ပွဲဝင်ရက်ကန်းအဖွဲ့များမှ ရက်လုပ်ပြီးသင်္ကန်းများအား အကဲဖြတ်ဒိုင်လူကြီးများက စစ်ဆေးအကဲဖြတ်ကာ နိုဝင်ဘာ ၂၆ ရက် နံနက် ၄ နာရီတွင် ရွှေစည်းခုံစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။ ပထမဆုရသော သူရိယဝဏ္ဏသာစင်တော် (ခိုးသန်းကျေးရွာ)အား ဆုဖလားနှင့် ငွေသားဆု ကျပ်သုံးသိန်း၊ ဒုတိယဆုရသော ဝဏ္ဏပဘာစင်တော် (ဒါန်းပင်တဲကျေးရွာ)အား ဆုဖလားနှင့် ကျပ်နှစ်သိန်း၊ တတိယဆုရ ဒေဝဏ္ဏရာစင်တော်(ဒါန်းပင်တဲ ကျေးရွာ)အား ဆုဖလားနှင့် ဆုငွေကျပ် တစ်သိန်းခွဲ၊ နှစ်သိမ့်ဆုရ မဏိစန္ဒာစင်တော် (သမန္တာကျေးရွာ)နှင့် ဓါတုကလျာစင်တော်(ဒါန်းပင်တဲကျေးရွာ)တို့အား ဆုဖလားနှင့် ဆုငွေကျပ်ရှစ်သောင်းစီကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**



## နွေစပါး လျာထားချက်ပြည့်မီစေရန် စိုက်ပျိုးမှုစတင်

**ကနီ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ယခု ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီအတွင်း လျာထားချက်အတိုင်း ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် ချင်းတွင်းမြစ်ဘေးရှိ ကျေးရွာအများစုတွင် နွေစပါးများကို စတင်စိုက်ပျိုးနေကြပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ နွေစပါးစိုက်ပျိုးရာသီမှာ ဧက ၇၅၀ လျာထားပြီး ၇၁၃ ဧကသာ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကျန်ဧကများကို ဆောင်းသီးနှံများ အစားထိုးစိုက်ပျိုးခဲ့ရပါတယ်။ ယခု ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ရာသီမှာ သတ်မှတ်လျာထားချက် ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူတွေ စိုက်ပျိုးစရိတ်ချေးငွေရရှိရေးနဲ့ လိုအပ်တဲ့ စိုက်ပျိုးရေးနည်းစနစ်များ ကူညီဆောင်ရွက်ပေးနေပါတယ်။ ကျွန်တော်တို့မြို့နယ်အနေနဲ့ စိုက်ပျိုးချိန်နဲ့ ကိုက်ညီတဲ့ စပါးမျိုးများဖြစ်တဲ့ ရက်(၉၀) စပါး၊ ပုလဲသွယ်(GWI)နှင့် သီးထပ်ရင်စပါးတွေကို အများဆုံး စိုက်ပျိုးကြမှာဖြစ်ပါတယ်။ အခုကနဲ ကျေးရွာအုပ်စုနဲ့ ဝယာကျေးရွာအုပ်စုတို့မှာ စတင်စိုက်ပျိုးနေပြီဖြစ်ပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကနီမြို့နယ်ရှိ ကျေးရွာအုပ်စု ၁၂ အုပ်စု၌ ၂၀၁၅-၂၀၁၆ နွေစပါးစိုက်ပျိုးရာသီအတွင်း နွေစပါး ဧက ၇၅၀ စိုက်ပျိုးရန်လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သန်းဌေးအောင်(ကနီ)**



## ပုလဲသွယ်စပ်မျိုးစပါး မျိုးပွားမျိုးစေ့ထုတ် စိုက်ကွင်းသရုပ်ပြ

**ပွင့်ဖြူ နိုဝင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုရှိ ပွင့်ဖြူမျိုးသန့်ခြံတွင် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စံပြစိုက်ခင်း၌ ဝက်မှုံကူးပွဲတော်နှင့် မနောသုခမျိုးသန့် မျိုးပွားမျိုးစေ့ထုတ်စိုက်ခင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၂၃ ရက်က ပြုလုပ်ခဲ့သည်။

ဝတ်မှုံကူးပွဲနှင့် ကွင်းသရုပ်ပြပွဲတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးမြင့်စိန်က ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ခြင်းရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ဒေသခံတောင်သူများအား ရှင်းလင်းပြောကြားပြီး တောင်သူများသိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ ဝတ်မှုန်ကူးပုံအဆင့်ဆင့်ကို တောင်သူများအား လက်တွေ့ပြသခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# မြို့နှင့် ကျေးရွာများတွင် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်မှုများ

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဓာတ်အားရရှိပြီးသော နေရာများတွင် ဓာတ်အားပိုမိုသုံးစွဲနိုင်ရေးနှင့် ဓာတ်အားမရရှိသေးသော မြို့၊ ကျေးရွာများတွင် ဓာတ်အားရရှိအသုံးပြုနိုင်ရေးတို့ကို အစိုးရအဆက်ဆက်လက်ထက်တွင် ဦးစားပေးလုပ်ငန်းအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ လက်ရှိ ဓာတ်အားရရှိပြီးသော မြို့၊ ကျေးရွာများတွင် ဓာတ်အားပေးရေးလုပ်ငန်းများ တည်ဆောက်ခဲ့

**ရှည်လျားဆားဗစ်ကြိုးများကို ဓာတ်အားလိုင်းကြိုးများဖြင့် အစားထိုးပုံ**



ဆားဗစ်ကြိုးများကို မရှင်းလင်းမီ။



ဆားဗစ်ကြိုးများ ရှင်းလင်းပြီး။

စဉ်ကာလက ဓာတ်အားသုံးစွဲနိုင်မှုကိုသာ ဦးစားပေးခဲ့သည့်အတွက် စံချိန်စံညွှန်းနှင့်အညီ မတည်ဆောက်နိုင်ခဲ့ဘဲ ဓာတ်အားဖြန့်ဖြူးမှုပေးနိုင်ရန်သာ ရည်ရွယ်၍ ဆောင်ရွက်ခဲ့ကြရပါသည်။

အဆိုပါ တည်ဆောက်ထားသော ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများသည် နှစ်ကာလကြာမြင့်လာခြင်း၊ မီးသုံးစွဲသူ များပြားလာခြင်းတို့ကြောင့် ချွတ်ယွင်းပျက်စီးမှု များပြားလာပါသည်။ မူလတည်ဆောက်ထားသော လိုင်းကြိုးများသည် အရွယ်အစားသေးငယ်ပြီး အကွာအဝေးရှည်လျားခြင်းကြောင့် ဗို့အားကျဆင်းခြင်း၊ မီးမကြာခဏ ပြတ်တောက်ခြင်းများ ကြုံတွေ့ခံစားကြရပါသည်။ ဓာတ်အားဖြန့်ဖြူးပေးသည့် ဓာတ်အားခွဲရုံများသည်လည်း စက်ပစ္စည်းများ ဟောင်းနွမ်းခြင်း၊ မပြည့်စုံခြင်းများကြောင့် ချို့ယွင်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။

ထို့ကြောင့် ဓာတ်အားအသုံးပြုသူများ ဗို့အားအပြည့်အဝ ရရှိသုံးစွဲနိုင်စေရန်အတွက် ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ အဆင့်မမီတော့သည့် ဓာတ်အားလိုင်းများကို အစားထိုးလဲလှယ်ခြင်း၊ ရပ်ကွက်များအတွင်း ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း၊ ဓာတ်အားခွဲရုံများတွင် စက်ပစ္စည်းများ အစားထိုး လဲလှယ်ခြင်း၊ ဓာတ်အားခွဲရုံအသစ်များ တိုးချဲ့တည်ဆောက်ပေးခြင်းများကို နှစ်အလိုက်ဆောင်ရွက်ပေးခဲ့ရာ မီးသုံးစွဲသူများအနေဖြင့် ဓာတ်အားပြတ်တောက်ချိန် လျော့နည်းလာပြီး ဗို့အားပိုမိုပြည့်ဝစွာ သုံးစွဲလာနိုင်အောင်လည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

ဓာတ်အားမရရှိသေးသော မြို့၊ ကျေးရွာများတွင် ဓာတ်အားစနစ်မှ ဓာတ်အား ရရှိရေးအတွက် ဓာတ်အားပို့လွှတ်ရေးလိုင်းများနှင့် ဓာတ်အားခွဲရုံကြီးများကိုလည်း တိုးချဲ့တည်ဆောက်ပေးခဲ့ပါသည်။ အထူးသဖြင့် ဓာတ်အားစနစ် မရောက်ရှိသေးသော ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်များသို့ ဓာတ်အားစနစ်ရောက်ရှိအောင် တော၊ တောင်၊ လျှိုမြောင် ၊ မြစ်ချောင်းများ ဖြတ်ကျော်ကာ ဓာတ်အားလိုင်းများကို တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ၎င်းဒေသများတွင် လျှပ်စစ်ဓာတ်အားရရှိပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေကြပြီ ဖြစ်ပါသည်။

ဓာတ်အားသုံးစွဲမှုမှာလည်း တိုးတက်လာလျက်ရှိပါသည်။ ၂၀၁၁ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားသုံးစွဲသူ ဦးရေ ၂၅ သိန်းကျော် (၂၅၃၃၃၉၃ ဦး) ရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ၃၄သိန်းကျော် (၃၄၆၁၀၃၉ ဦး)အထိ တိုးတက်သုံးစွဲလာခဲ့ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ပေါင်း ၅၄ မြို့ကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ အခြားနည်းလမ်းများဖြင့် ဓာတ်အားရရှိထားသော ၁၅၂ မြို့ကိုလည်း နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲနိုင်ရေးအတွက် စီမံချက်ချဆောင်ရွက်လျက်ရှိပါသည်။

ကျေးရွာများတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရာတွင် ၂၀၁၁ ခုနှစ်တွင် ကျေးရွာ ၃၀၈၀ ရွာရှိရာမှ ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျေးရွာ ၇၅၀၅ ရွာအထိ တိုးတက်ရရှိခဲ့ရာ ကျေးရွာပေါင်း ၄၄၂၅ ရွာကို နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ နိုင်ငံတော်ဓာတ်အားစနစ်မှ ကျေးရွာများ ဓာတ်အားရရှိမှုသည် လစဉ်တိုးတက်လျက်ရှိပါသည်။ နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသေးသော ကျေးရွာများကိုလည်း အသေးစားရေအားလျှပ်စစ်၊ ဆိုလာစနစ်၊ ဒီဇယ်စနစ်နှင့် အခြားနည်းလမ်းများဖြင့် ဓာတ်အားရရှိအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးခဲ့ပါသည်။

နိုင်ငံတော်ဓာတ်အားစနစ်နှင့် အခြားနည်းလမ်းများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မီးလင်းပြီးသော မြို့နှင့် ကျေးရွာများမှာ အောက်ပါစာရင်းအတိုင်းဖြစ်ပါသည်။

## ဆောင်းပါး - ဝေယံ

နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားရရှိခြင်းကြောင့် လျှပ်စစ်ဖြင့် ထမင်း၊ ဟင်း ချက်ပြုတ်သုံးစွဲနိုင်လာပြီး ထင်း၊ မီးသွေးသုံးစွဲမှုများ လျော့နည်းကာ သစ်တောပြုန်းတီးမှုကိုလည်း ကာကွယ်ရာရောက်ပါသည်။ ထို့အပြင် စက်မှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာပြီး မြို့နှင့် ကျေးရွာများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများလည်း ဖြစ်ပေါ်လျက်ရှိပါသည်။

နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားတိုးချဲ့ဖြန့်ဖြူးနိုင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာတွင် ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ၏ တည်ဆောက်မှုကုန်ကျစရိတ်သည် တန်ဖိုးများပြားသည့်အတွက် နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေများဖြင့်သာ တည်ဆောက်သွားပါက လျှပ်စစ်ကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှု နှေးနေမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ဓာတ်အားစနစ်မှ ဓာတ်အားများ တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေအပြင် ဂျပန်နိုင်ငံ JICA ၊ အာရှဖွံ့ဖြိုးရေးဘဏ် ADB၊ ကမ္ဘာ့ဘဏ် World Bank တို့မှ ချေးငွေများရယူကာ မြို့နှင့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးကို စီမံချက်ချမှတ်၍ ဆောင်ရွက်လျက်ရှိသောကြောင့် နိုင်ငံတော်၏ လျှပ်စစ်ကဏ္ဍသည်လည်း အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာပြီး မြို့နှင့် ကျေးရွာများတွင် ဓာတ်အားစနစ်မှ ဓာတ်အားရရှိသုံးစွဲနိုင်မှုသည်လည်း တစ်နှစ်ထက်တစ်နှစ် များပြားလာမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့အရေအတွက် | ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ မီးလင်းပြီး မြို့အရေအတွက် | | ကျေးရွာအရေအတွက် | ၂၀၁၅ ခုနှစ် စက်တင်ဘာလကုန်အထိ မီးလင်းပြီး ကျေးရွာအရေအတွက် | |
|---|---|---|---|---|---|---|---|
| | | | ဓာတ်အားစနစ် | အခြား | | ဓာတ်အားစနစ် | အခြား |
| ၁ | ကချင်ပြည်နယ် | ၃၀ | ၁၀ | ၂၀ | ၂၅၅၃ | ၁၃၁ | ၅၇၄ |
| ၂ | ကယားပြည်နယ် | ၈ | ၈ | - | ၅၁၁ | ၁၄၆ | ၃၉ |
| ၃ | ကရင်ပြည်နယ် | ၁၈ | ၄ | ၁၄ | ၂၀၆၃ | ၉၉ | ၄၉၈ |
| ၄ | ချင်းပြည်နယ် | ၁၃ | ၁ | ၁၂ | ၁၃၆၄ | - | ၄၈၃ |
| ၅ | မွန်ပြည်နယ် | ၁၆ | ၉ | ၇ | ၁၁၄၉ | ၃၆၈ | ၃၀၆ |
| ၆ | ရခိုင်ပြည်နယ် | ၂၂ | ၁၀ | ၁၂ | ၃၇၆၀ | ၈၁ | ၁၄၈၆ |
| ၇ | ရှမ်းပြည်နယ် | ၈၄ | ၄၅ | ၃၉ | ၁၄၃၄၇ | ၉၈၆ | ၂၅၈၈ |
| ၈ | ရန်ကုန်တိုင်း | ၂၁ | ၂၀ | ၁ | ၂၁၂၉ | ၆၂၀ | ၄၂ |
| ၉ | မန္တလေးတိုင်း | ၂၈ | ၂၇ | ၁ | ၄၇၇၉ | ၁၂၄၃ | ၂၁၀၀ |
| ၁၀ | စစ်ကိုင်းတိုင်း | ၄၆ | ၂၇ | ၁၉ | ၆၀၀၆ | ၁၁၄၆ | ၃၅၂၀ |
| ၁၁ | နေပြည်တော် | ၈ | ၈ | - | ၇၉၆ | ၂၈၀ | ၃၉၃ |
| ၁၂ | ပဲခူးတိုင်း | ၄၃ | ၄၃ | - | ၆၄၉၄ | ၁၁၁၈ | ၄၄၈ |
| ၁၃ | မကွေးတိုင်း | ၃၀ | ၂၅ | ၅ | ၄၇၇၁ | ၅၉၈ | ၂၄၇၉ |
| ၁၄ | ဧရာဝတီတိုင်း | ၃၉ | ၃၃ | ၆ | ၁၁၉၀၈ | ၆၈၉ | ၅၉၄၇ |
| ၁၅ | တနင်္သာရီတိုင်း | ၁၆ | | ၁၆ | ၁၂၃၀ | - | ၆၉၁ |
| | စုစုပေါင်း | ၄၂၂ | ၂၇၀ | ၁၅၂ | ၆၃၈၆၀ | ၇၅၀၅ | ၂၁၆၀၄ |



တိုးချဲ့တည်ဆောက်ထားသော ဓာတ်အားလိုင်းများ။



တိုးချဲ့တည်ဆောက်ထားသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ။



# အုန်းပင်ချောင်းကျေးရွာ ရိုးချောင်းတံတား တည်ဆောက်ပြီးစီးတော့မည်

**တွံတေး နိုဝင်ဘာ ၂၄**

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ဝက်ချောင်းကျေးရွာအုပ်စုရှိ ရှမ်းစုလေး-အုန်းပင်ချောင်း-ရေကျော် ကားလမ်းနှင့် ဆက်သွယ်ထားသော အုန်းပင်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)သွား မြေသားလမ်းပေါ်ရှိ ရိုးချောင်းတံတားကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိရာ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရိုးချောင်းတံတားသည် အရှည်ပေ ၂၀၊ အကျယ် ၁၀ ပေရှိ သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး ပြည်ထောင်စုလွှတ်တော် ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၃၀ နှင့် ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၃၄ သိန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ရိုးချောင်းသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး ချောင်းရေရှိကာ ယခင်က ဝါးတစ်လုံးတံတားသာရှိသဖြင့် သွားလာရေးခက်ခဲခဲ့ကြောင်း၊ ယခု သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက တံတားကို နေ့စဉ်ဖြတ်သွားနေရသော ကျောင်းသား ကျောင်းသူ ၄၀၀ ခန့်နှင့် ဒေသခံပြည်သူများအတွက် သွားလာရေးအဆင်ပြေစေပြီး ဒေသထွက်ကုန်စည်များ ကူးသန်းရောင်းဝယ်ရာတွင်လည်းအဆင်ပြေချောမွေ့လာပြီဖြစ်ကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ရွှေစာရံစေတီ ဆွမ်းကြီးလောင်းပွဲတော် အစဉ်အလာမပျက် ကျင်းပ

**သထုံ နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး ရင်ပြင်တော်၌ နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်းကျင်းပမြဲဖြစ်သော မြို့လုံးကျွတ် တန်ဆောင်တိုင် ဆွမ်းကြီးလောင်းပွဲတော်ကို နိုဝင်ဘာ ၂၆ ရက်က စည်ကားစွာကျင်းပခဲ့သည်။



ဆွမ်းကြီးလောင်း ပွဲတော်တွင် သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆပ်ကပ်လှူဒါန်းပြီး သထုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသားကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာများအလိုက် စုပေါင်းအသင်းအဖွဲ့များက ဆွမ်းဆန်စိမ်းများ စုပေါင်းလောင်းလှူကာ ပဒေသာပင်များနှင့် လှူဖွယ်ပစ္စည်းများကို စာရေးတံမဲဖောက်လှူဒါန်းခဲ့ကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် သထုံမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၃၂၆ ကျောင်းမှ သံဃာတော် ၁၆၀၆ ပါးနှင့် သီလရှင်ကျောင်း ၆၀ ကျောင်းမှ သီလရှင် ၂၂၂ ပါးတို့အား စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# မျက်စိဝေဒနာရှင်များအား အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းကုသပေး

**ရေတာရှည် နိုဝင်ဘာ ၂၇**

ရေတာရှည်မြို့နယ် ဆွာမြို့ရှိ မျက်စိရောဂါ ဝေဒနာရှင်များအား နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံကြီးမှ မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဆွေဦးလွင် ဦးဆောင်သည့်အဖွဲ့က နိုဝင်ဘာ ၂၆ ရက်တွင် အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

မျက်စိဝေဒနာရှင်များအား ဆွာစက်ရုံ ပရိယတ္တိစာသင်တိုက် ဓမ္မာရုံသို့ ကွင်းဆင်း၍ အခမဲ့စမ်းသပ်ကာ ဆေးဝါးများကုသပေးခဲ့ခြင်းဖြစ်ကြောင်း၊ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၂၆၀ ကို စမ်းသပ်စစ်ဆေးပေးခြင်း၊ မျက်မှန်များ အခမဲ့တပ်ဆင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့်ဆေးဝါးများကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

“တောင်ငူကိုသွားပြရရင် ခရီးစရိတ်၊ စားစရိတ်၊ စမ်းသပ်ခ၊ ဆေးဖိုး၊ မျက်မှန်အတွက် ကုန်ကျစရိတ်တွေနဲ့ အနည်းဆုံး ငါးသောင်းလောက်ပါမှရတယ်။ အခု ဒီလို အခမဲ့လာပြီး ကွင်းဆင်းကုသပေးတဲ့အတွက် အများကြီးအဆင်ပြေပါတယ်။ ဆရာဝန်ကြီးနဲ့ ဝန်ထမ်းတွေကိုရော၊ ဆွာမြို့ ဇီဝိတဒါနအခမဲ့ဆေးကုသခန်းက ဒေါက်တာမောင်မောင်ထွေးနဲ့ ကော်မတီအဖွဲ့ကိုရော ကျေးဇူးတင်ပါတယ်”ဟု မျက်စိဝေဒနာရှင် ကိုသန်းဝင်းက ပြောသည်။ မျက်စိဝေဒနာရှင်များကို ဆွာမြို့ ဇီဝိတဒါနအခမဲ့ဆေးကုသခန်း၏ စီစဉ်မှုဖြင့် မျက်စိခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့် အဖွဲ့က လာရောက်ကုသပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# မသိုးသင်္ကန်းကပ်လှူပွဲနှင့် ရက်ကန်းရက်ပြိုင်ပွဲတွင်ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ ကျင်းပ

**မြဝတီ နိုဝင်ဘာ ၂၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ကျက်သရေဆောင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲ ဖွင့်ပွဲကို နိုဝင်ဘာ ၂၅ ရက် ည ၆ နာရီခွဲက ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၏ ရင်ပြင်ပေါ်တွင် ကျင်းပပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် ဂေါပကဥက္ကဋ္ဌ ဦးရင်ဟိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ရက်ကန်းယှဉ်ပြိုင် ရက်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။ အဆိုပါ မသိုးသင်္ကန်းရက်ပြိုင်ပွဲသို့ ထိုင်းနိုင်ငံ တာ့(ခ်) ခရိုင်အုပ်ချုပ်ရေးမှူး မစ္စတာစွန်ချိုင်းဟထယတန်တိနှင့် ဧည့်သည်တော်များလည်း လာရောက်လေ့လာခဲ့သည်။

ထို့နောက် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၄ နာရီတွင် ကျင်းပခဲ့ရာ ဘုရားကြီးကျောင်းဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အတူ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမိုးညို၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းများကို ဆရာတော်များထံဆက်ကပ်သည်။ ထို့နောက် မသိုးသင်္ကန်းများကို ပင့်ဆောင်၍ စေတီတော်တစ်ပတ် လက်ယာရစ်လှည့်လည်ပူဇော်ကာ ရွှေမြင်းဝန်စေတီတော်ကြီးနှင့် ရုပ်ပွားတော်မြတ်များထံ ဆက်ကပ်လှူဒါန်းခဲ့သည်။



ထို့နောက် ဆုရရှိသည့် ရက်ကန်းစင်အသင်းများအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ မသိုးသင်္ကန်းရက်ပြိုင်ပွဲတွင် အသင်း(၅)သင်းဝင်ရောက်ယှဉ်ပြိုင်ရာ ပထမဆုကို အမှတ်(၁)ရပ်ကွက် သုမေတ္တာအသင်း၊ ဒုတိယဆုကို အမှတ်(၂)ရပ်ကွက် သုနန္ဒာအသင်းနှင့် တတိယဆုကိုအမှတ်(၅)ရပ်ကွက် သုမိတ္တာအသင်းတို့ကရရှိခဲ့ပြီး နှစ်သိမ့်ဆုများကို အမှတ်(၃)ရပ်ကွက် သုစိတ္တာအသင်းနှင့် အမှတ်(၄)ရပ်ကွက် သုမာလာအသင်းတို့က ရရှိခဲ့ကြောင်းသိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပထမဆုံးအကြိမ် တန်ဆောင်တိုင်ကာတွန်းပြပွဲ ဖဆပလရပ်ကွက်၌ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မင်္ဂလာတောင်ညွန့်မြို့နယ် စံပြဖဆပလရပ်ကွက်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို (၄၇)ကြိမ်မြောက် ကျင်းပခြင်းနှင့်အတူ ပထမဆုံးအကြိမ် ကာတွန်းပြပွဲကိုလည်း နိုဝင်ဘာ ၂၄ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ကာတွန်းပြပွဲတွင် ကာတွန်းဆရာကြီးများဖြစ်သော မြေဇာ၊ ရွှေမင်းသား၊ လှိုင်ဝင်းသစ်၊ သစ်ထွဏ်း၊ မောင်မောင်လေး၊ ဗချီ၊ ပေါ်လွင်ကျော်တို့နှင့် အမျိုးသမီးကာတွန်းဆရာမ ဆုပြည့်တို့ အပါအဝင် ကာတွန်းဆရာ ၃၅ ဦးတို့ ရေးဆွဲထားသည့် ကာတွန်းနှင့် ပန်းချီကား ၂၅၀ ကို ပြသခဲ့သည်။ ကာတွန်းပုံများကို မူရင်းအတိုင်းမဟုတ်ဘဲ Scan ပြန်ဖတ်ကာ (၁ ပေခွဲ × ၂ပေ)အရွယ် ဗီနိုင်းများပြန်ထုတ်၍ စံပြဖဆပလရပ်ကွက် ဗဟိုလမ်းမကြီးတစ်လျှောက် တစ်ညီတစ်ညာတည်း ချိတ်ဆွဲပြသခဲ့သည်ကို တွေ့ရသည်။ ကာတွန်း၊ ပန်းချီများသည် ခေတ်အမြင် ခေတ်အတွေးကို ဖော်ထုတ်ပြသခြင်းဖြစ်၍ စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုသူများပြားခဲ့သည်ကိုလည်း တွေ့ရသည်။



ကာတွန်းပြပွဲကို ရပ်ကွက်အုပ်ချုပ်ရေးနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီတို့ ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန့်စင်ထွန်း၊ ရပ်ကွက်သာသနာရေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ရီနှင့် ကာတွန်းဆရာ ဦးလှဖေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ပြပွဲကို နိုဝင်ဘာ ၂၇ ရက်အထိ လေးရက်ကြာ ပြသခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# ကျေးရွာများမီးလင်းရေးအတွက် ဆိုလာစနစ်ဖြင့် ဆောင်ရွက်

**ဝါးခယ်မ နိုဝင်ဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အတွင်းရှိ ကျေးရွာလေးရွာ၌ ဆိုလာစနစ်ဖြင့် လျှပ်စစ်ဓာတ်အားရရှိ အသုံးပြုနိုင်ရေးအတွက် ဆိုလာပြားများကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

မြောင်းမြခရိုင်အတွင်းရှိ သံဖြူစုကျေးရွာတွင် အိမ်ခြေ ၁၀၁ အိမ်အတွက် ကျပ် ၁၉ ဒသမ ၉၉၈ သန်း၊ စစ်ကုန်းကျေးရွာတွင် အိမ်ခြေ ၉၅ လုံးအတွက် ကျပ် ၁၈ ဒသမ ၈၁ သန်း၊ အထက်ပေကုန်းကျေးရွာတွင် အိမ်ခြေ ၆၀ အတွက် ၁၁ ဒသမ ၈၈ သန်းနှင့် ညောင်သုံးပင်ကျေးရွာတွင် အိမ်ခြေ ၅၂ အိမ်အတွက် ၁၀ ဒသမ ၂၉၆ သန်း အကုန်အကျခံ၍ တပ်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး ဆိုလာပြားများ တပ်ဆင်ပေးမှုကို မြောင်းမြခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန့်ဇင်သိန်းနှင့် ဝါးခယ်မမြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်တို့က နိုဝင်ဘာ ၂၅ ရက်က ကွင်းဆင်းကြည့်ရှုခဲ့သည်။

**မြင့်ဦး(ဝါးခယ်မ)**

# ဆင်းသုခစပါး မျိုးသန့်ထုတ်စံကွက် ရိတ်သိမ်း

**ကနီ နိုဝင်ဘာ ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအုပ်စု တဇယ်ချောင်ကျေးရွာရှိ မိုးစပါး ဆင်းသုခစပါးမျိုး မျိုးသန့်ထုတ်စံကွက်၌ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စိုက်ပျိုးထားသော စပါးတစ်ဧကကို နိုဝင်ဘာ ၂၅ ရက်က စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ကျေးရွာအုပ်စုအတွင်းမှ တောင်သူများလာရောက်လေ့လာခဲ့ကြကာ အဆိုပါ စံကွက်မှ တစ်ဧကလျှင် ၁၀၉ ဒသမ ၃၈ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**

# အွန်လိုင်းကြော်ငြာများတွင် ရိုးရာအမှတ်တရပစ္စည်းနှင့် ရှေးဟောင်းပစ္စည်းကဏ္ဍများကို နိုင်ငံခြားသားများ စိတ်ဝင်စား

မြန်မာနိုင်ငံတွင် အွန်လိုင်းဈေးကွက်အနေဖြင့် အခမဲ့ အွန်လိုင်းကြော်ငြာဝက်ဘ်ဆိုက်များကို အသုံးများလာပြီး ဝက်ဘ်ဆိုက်ပေါ်ကြော်ငြာတင်၍ ရောင်းချသောပစ္စည်းအမျိုးမျိုးအနက် ရှေးဟောင်းပစ္စည်းနှင့် အမှတ်တရပစ္စည်းများကဏ္ဍကို နိုင်ငံခြားသားများ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိကြောင်း သိရသည်။



နိုင်ငံခြားသားများ စိတ်ဝင်စားမှုများနေသည့် မြန်မာစစ်တုရင်ခုံ။

"မြန်မာပြည်ရဲ့ အွန်လိုင်းဈေးကွက်မှာ ရှေးဟောင်းပစ္စည်းကဏ္ဍက တခြားနိုင်ငံကလူတွေကို တော်တော်ဆွဲဆောင်နိုင်တာ တွေ့ရတယ်။ ကျွန်တော်တို့ အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်မှာ နိုင်ငံခြားသားတွေအများဆုံး စိတ်ဝင်စားတဲ့ကဏ္ဍတွေက မြန်မာ့ရိုးရာအနုပညာပစ္စည်း၊ ရှေးဟောင်းပစ္စည်းနဲ့ မြန်မာပြည်ဖြစ် အမှတ်တရပစ္စည်းကဏ္ဍတွေ ဖြစ်ပါတယ်။ အခုနောက်ပိုင်းဆိုရင် မြန်မာပြည်တွင်းဖြစ် ရေဆေးပန်းချီကားတွေနဲ့ လက်ရက်ချည်ထည်တွေကိုပါ နိုင်ငံခြားခရီးသွားအများစုက သဘောကျနှစ်ခြိုက်လာကြတာကို တွေ့ရပါတယ်"ဟု မြန်မာနိုင်ငံ၏ သက်တမ်းအရင့်ဆုံး အခမဲ့ကြော်ငြာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် www.ads.com.mm မှ Mr.Elijah Htang က ပြောသည်။

"လက်ရှိ ကျွန်တော်တို့ဝက်ဘ်ဆိုက်မှာ လူကြည့်အများဆုံးပစ္စည်းကတော့ ကြေးနဲ့လုပ်ထားတဲ့ စစ်တုရင်ခုံဖြစ်ပါတယ်။ ဒီစစ်တုရင်ခုံကို မြန်မာနိုင်ငံက လူတွေထက် နိုင်ငံခြားကလူတွေက ဝင်ရောက်ကြည့်ရှုတဲ့နှုန်းပိုများနေတာ တွေ့ရပါတယ်။ ပြီးတော့ ချင်းပြည်ဘက်က ကြော်ငြာထားတဲ့ ရှေးကျောက်ပတီးနဲ့ကြေးလက်ကောက်တွေကို သဘောကျနှစ်ခြိုက်ပြီး ကြည့်ရှုဝယ်ယူလာတာကိုလည်း တွေ့ရပါတယ်" ဟုလည်း ၎င်းက ဆက်ပြောသည်။

Ads.com ဝက်ဘ်ဆိုက်မှ ရှေးဟောင်းပစ္စည်း အရောင်းအဝယ်ကဏ္ဍတွင် ဝင်ရောက်ကြည့်ရှုသူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ နိုင်ငံခြားသားများဖြစ်ကြောင်း၊ ကြည့်ရှုသူအများဆုံးနိုင်ငံများမှာ ယူနိုက်တက်စတိတ်၊ စင်ကာပူ၊ ထိုင်းနှင့် ကိုးရီးယားနိုင်ငံများဖြစ်ကြောင်း သိရသည်။ နိုင်ငံခြားသားများ စိတ်ဝင်စားမှုများသော အခြားကဏ္ဍမှာ ခရီးသွားလုပ်ငန်းများ၏ ဝန်ဆောင်မှုကြော်ငြာကဏ္ဍဖြစ်ကြောင်း၊ နိုင်ငံခြားသားအချို့မှာမူ ပြည်တွင်း အိမ်ခြံမြေကြော်ငြာကဏ္ဍနှင့် ကားအရောင်းအဝယ်ကဏ္ဍများကို ကြည့်ရှုမှုများပြားကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အင်တာနက်အသုံးများလာခြင်းကြောင့် လက်ရှိအချိန်တွင် E-commerce အမျိုးအစားဝင် ဝက်ဘ်ဆိုက်များကို အများအပြား ထူထောင်လာကြသည့်အနက် ရောင်းချလိုသော ပစ္စည်းအမျိုးမျိုးကို အခမဲ့ဝင်ရောက် ကြော်ငြာနိုင်သည့် Classified ဝက်ဘ်ဆိုက်အမျိုးအစားသည် ပိုမိုလူကြိုက်များလာသော ဈေးကွက်တစ်ခုဖြစ်လာသည်ကို တွေ့ရသည်။ ကြော်ငြာသည့်ပစ္စည်းများကို ရောင်းချရာတွင်မူ အွန်လိုင်းပေါ်တွင် ကြော်ငြာထားသည်ကို စိတ်ဝင်စားသူက အပြင်တွင် သွားရောက်ကြည့်ရှုပြီး ငွေချေခြင်း သို့မဟုတ် ကြော်ငြာသူက သွားရောက်ပို့ဆောင်ပေးပြီး ငွေချေခြင်းများဖြင့်သာ ဆောင်ရွက်နေကြရပြီး E-Commerce ဝက်ဘ်ဆိုက်များအနေဖြင့် အောင်မြင်သင့်သလောက် မအောင်မြင်သေးကြောင်း၊ လုံခြုံစိတ်ချရသော အွန်လိုင်းငွေချေစနစ်တစ်ခုကို အသုံးပြုနိုင်ပါက ပိုမိုအောင်မြင်နိုင်ကြောင်း နည်းပညာကျွမ်းကျင်သူအချို့က သုံးသပ်ပြောကြားသည်။

**သူရဖြိုး**

# MPT နှင့် တယ်လီနောတို့ ကံစမ်းမဲအစီအစဉ်များ ပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၂၇**

တန်ဆောင်တိုင်နှင့် နှစ်ကူးအကြို အရောင်းမြှင့်တင်ရေးအနေဖြင့် မိုဘိုင်းလ်အော်ပရေတာများဖြစ်သော MPT နှင့် တယ်လီနောတို့က ကံစမ်းမဲအစီအစဉ်များ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

MPT သည် နှစ်ကူးအရောင်းမြှင့်တင်ရေးအနေဖြင့် ပျော်ရွှင်ကံထူးနှစ်သစ်ကူးအမည်ဖြင့် ကံစမ်းမဲအစီအစဉ်ကို နိုဝင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၉ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ချီးမြှင့်မည့်ဆုများမှာ တိုယိုတာလန်ခရူဇာကား တစ်စီး၊ တိုယိုတာကိုရိုလာကား ငါးစီး၊ အိုင်ဖုန်း 6S အလုံး ၂၀၊ iPad air 2 အလုံး ၂၀ ၊ ၄၀လက်မ Sony တီဗီ ၂၅ လုံး၊ တစ်ကျပ်သားရွှေဆွဲကြိုးအကုံး ၂၀ နှင့် ငါးထောင်ကျပ်တန် MPT ငွေဖြည့်ကတ်ပေါင်း ၆၉၉၀၉ ခုပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ကံစမ်းမဲအစီအစဉ်တွင် MPT ၏ GSM/WCDMA သို့မဟုတ် CDMA သုံးစွဲသူတိုင်း ပါဝင်ဆင်နွှဲနိုင်မည်ဖြစ်ပြီး ပါဝင်ရန်အတွက် အနည်းဆုံး ကံစမ်းမဲလက်မှတ်တစ်စောင်ကို ရရှိထားရမည်ဖြစ်သည်။

ကံစမ်းမဲလက်မှတ်များကို သုံးထောင်ကျပ်ထက်ပိုသော ငွေဖြည့်ကတ်ဖြည့်သွင်းခြင်း(တစ်စောင်ဖြည့်သွင်းပါက လက်မှတ်တစ်စောင်)၊ တစ်မိနစ်ထက်ကျော်သော MPT ဖုန်းအချင်းချင်းခေါ်ဆိုမှု(တစ်ကြိမ်ခေါ်ဆိုလျှင် လက်မှတ်တစ်စောင်)နှင့် MPT ၏ ဆင်းကတ်အသစ်များကို ဝယ်ယူအသုံးပြုခြင်း (ဆင်းကတ်တစ်ကတ်လျှင် လက်မှတ်အစောင် ၃၀ )နှုန်းများဖြင့် ရရှိမည်ဖြစ်ကာ လက်မှတ်အစောင်ရေများပါက ကံစမ်းမဲပေါက်ရန် အခွင့်အလမ်း ပိုရမည်ဖြစ်ကြောင်း သိရသည်။

ကံစမ်းမဲလက်မှတ် ရရှိသည့်အရေအတွက်များကို စစ်ဆေးရာတွင် GSM/WCDMA ဖုန်း အသုံးပြုသူများအနေဖြင့် "3000" သို့ "lucky" ဟု စာတိုပေးပို့ပြီး စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်ပြီး CDMA ဖုန်းအသုံးပြုသူများအနေဖြင့် "3001" သို့ "lucky" ဟု စာတိုပေးပို့၍ စစ်ဆေးကြည့်ရှုနိုင်မည်ဖြစ်သည်။

တယ်လီနောမှလည်း တန်ဆောင်တိုင်ကာလ အရောင်းမြှင့်တင်ရေးအစီအစဉ်အနေဖြင့် နိုဝင်ဘာ ၂၄ မှ ၂၆ ရက်အတွင်း ၃၀၀၀ ကျပ်နှင့်အထက် ငွေတစ်ခါဖြည့်တိုင်း ၁၀ ရာခိုင်နှုန်း အပိုပေးသည့် အစီအစဉ်ကို ပြုလုပ်ခဲ့သည်။ ကံစမ်းမဲအစီအစဉ်အနေဖြင့် နိုဝင်ဘာ ၂၄ မှ ၂၆ ရက်အတွင်း ငွေဖြည့်သူများထဲမှ ကံထူးရှင် ၁၀၀ ကိုရွေးချယ်ကာ ငါးမူးသားရွှေဒင်္ဂါးတစ်ပြားစီ ပေးအပ်သွားမည်ဟု သိရသည်။

ထို့အပြင် တယ်လီနောမှ ရောင်းချနေသော အင်တာနက်အသုံးပြုနိုင်သည့် T200M ဟန်းဆက်များကိုလည်း ယခင်ဈေးနှုန်း ၄၉၉၀၀ ကျပ်မှ ၂၉၉၀၀ ကျပ်နှုန်းအထိ ကျပ်နှစ်သောင်းလျှော့ချ၍ ပြောင်းလဲသတ်မှတ်ပေးထားသည်။ ဈေးနှုန်းလျှော့ချလိုက်သော်လည်း ယခင်ကပေးထားသည့် အပိုထပ်ဆောင်းဝန်ဆောင်မှုများဖြစ်သော တယ်လီနောဖုန်းအချင်းချင်း မိနစ် ၂၀၀ ခေါ်ဆိုမှု၊ တယ်လီနောဖုန်းအချင်းချင်း စာတိုပေးပို့မှုအစောင် ၂၀၀ နှင့် အခမဲ့အင်တာနက် ၂၀၀ မဂ္ဂါဘိုက်တို့ကို ပြောင်းလဲခြင်းမရှိဘဲ မူလအတိုင်း ဆက်ပေးထားကြောင်း သိရသည်။

**သူရဖြိုး**

# စမတ်နာရီသစ် Samsung Gear S2 ကို ဆမ်ဆောင်းမိတ်ဆက်

**ရန်ကုန် နိုဝင်ဘာ ၂၇**

စက်တင်ဘာလအတွင်းက ကမ္ဘာ့ဈေးကွက်တွင် စတင်မိတ်ဆက်ခဲ့သော စမတ်နာရီသစ် Samsung Gear S2 ကို ဆမ်ဆောင်းက မြန်မာဈေးကွက်တွင် နိုဝင်ဘာ ၂၁ ရက်က စတင်မိတ်ဆက်ရောင်းချခဲ့သည်။

Gear S2 ကို Gear S2 နှင့် Gear S2 classic ဟူ၍ ကွဲပြားသော ဒီဇိုင်းနှစ်မျိုးဖြင့် ရရှိနိုင်မည်ဖြစ်သည်။ Gear S2 ကို မီးခိုးရင့်ရောင်ကိုယ်ထည်နှင့် မီးခိုးရင့်ရောင်လက်ပတ်ကြိုး၊ ငွေရောင်ဘောင်နှင့် အဖြူရောင်လက်ပတ်ကြိုးဟု အရောင်နှစ်မျိုးဖြင့် ရရှိနိုင်မည်ဖြစ်ပြီး Gear S2 classic ကို အမည်းရောင်ဘောင်နှင့် သားရေလက်ပတ်ကြိုးဖြင့် တစ်မျိုးတည်းသာ ရရှိမည်ဖြစ်ကြောင်း၊



Gear S2 ၏ ရောင်းဈေးမှာ ၃၄၅၀၀၀ ကျပ်ဖြစ်ပြီး Gear S2 classic မှာ ၃၇၅၀၀၀ ကျပ်ဖြစ်ကြောင်း သိရသည်။

နာရီကိုယ်ထည်ပုံကို ဝန်းဝိုင်းသောပုံသဏ္ဌာန်ဒီဇိုင်းပြုလုပ်ထားကာ ပေါ့ပါး၍ ကျစ်လျစ်သော ဒီဇိုင်းရှိသည်။ နာရီကိုယ်ထည်အထူမှာ ၁၁ ဒသမ ၄ မီလီမီတာရှိပြီး မျက်နှာပြင်မှာ အချင်း ၁ ဒသမ ၂ လက်မ အရွယ်ရှိ စက်ဝိုင်းပုံဖြစ်ကာ မျက်နှာပြင်အရည်အသွေးမှာ 360x360 resolution(302 ppi) ရှိ၍ စမတ်နာရီတစ်လုံးအနေဖြင့် မြင့်မားသော ရုပ်ထွက်အရည်အသွေးဖြစ်သည်။

စက်လည်ပတ်စနစ်အနေဖြင့် Tizen OS ကို အသုံးပြုထားပြီး 1 GHz dual core processor ပါဝင်သောကြောင့် လုပ်ဆောင်ချက်များကို လေးသွား၊ နှေးသွားခြင်းမရှိဘဲ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အသုံးပြုရလွယ်ကူ၍ ရိုးရှင်းသော အသုံးချမျက်နှာပြင် UX နှင့် သုံးစွဲသူများအတွက် စိတ်တိုင်းကျ အသုံးပြုနိုင်မည့် အဆင့်မြှင့်တင်ထားသော လုပ်ဆောင်ချက်များစွာ ပါဝင်သည်။

နာရီကိုယ်ထည်တွင် လှည့်၍ရသည့်ဘေးဘောင်နှင့်အတူ Home နှင့် Back ခလုတ်များပါဝင်ခြင်းကြောင့် သုံးစွဲသူများအနေနှင့် notification နှင့် application များကို ပိုမိုလျင်မြန်စွာ ကြည့်ရှုအသုံးပြုနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေနှင့် ဖုန်းသို့ဝင်လာသော notification များအား နာရီမှတစ်ဆင့် ကြည့်ရှုစစ်ဆေးနိုင်မည်ဖြစ်ပြီး စာတိုပို့ခြင်းကိုလည်း လက်ကောက်ဝတ်မှတစ်ဆင့် အလွယ်တကူပေးပို့နိုင်မည် ဖြစ်သည်။ ထို့အပြင် ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်ချက်အသစ်များကိုလည်း အသစ်ထပ်မံ ထည့်သွင်းထားပြီး နာရီဝတ်ဆင်ထားသူ၏ နေ့စဉ်လှုပ်ရှားမှု၊ တိုးတက်မှုပုံစံများကို ကြည့်ရှုနိုင်မည်ဖြစ်ကာ လိုအပ်သည့် အချက်ပေးမှုများကိုလည်း သုံးသူထံ သတိပေးနေမည်ဖြစ်သည်။

စမတ်နာရီများအတွက် အရေးကြီးသော ဘက်ထရီအပိုင်းကိုလည်း အဆင့်မြှင့်တင်ထားပြီး ကြိုးမဲ့အားသွင်းစနစ်ပါဝင်သည်။ ဘက်ထရီသည် နှစ်ရက်မှ သုံးရက်အထိ ကြာရှည်ခံပြီး အားသွင်းရာတွင် ဘူးအတွင်းမှ ကြိုးမဲ့အားသွင်းနိုင်သည့် အားသွင်းကိရိယာ(recharging dock)ပေါ်တွင် နာရီကိုတင်ထားလိုက်ရုံဖြင့် အားပြန်သွင်းနိုင်အောင် ပြုလုပ်ထားကြောင်း သိရသည်။

**သူရဖြိုး**



# မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းကြီးမှူး၍ Developer Conference 2015 ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

MCPA Developer Conference 2015 ကို လှိုင်မြို့နယ် MICT Park ၌ နိုဝင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

MCPA Developer Conference တွင် မိုဘိုင်းလ်နည်းပညာ၊ ဝက်ဘ်ဆိုက်နည်းပညာနှင့် နက်ဝပ်လုံခြုံရေးနည်းပညာများ၊ Cloud နည်းပညာများအပါအဝင် ကွန်ပျူတာနှင့် အိုင်တီနည်းပညာ ဆိုင်ရာများကို ခေါင်းစဉ် ၂၀ ကျော်ဖြင့် ဟောပြောသူ ၂၀ ကျော်က ပါဝင်ဆွေးနွေးဟောပြောခဲ့ပြီး မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းဝင်များ၊ ကွန်ပျူတာလုပ်ငန်းရှင်များနှင့် စွန့်ဦးတီထွင်နည်းပညာလုပ်ငန်းရှင်များ၊ နည်း ပညာတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ အိုင်တီနည်းပညာကို စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

MCPA Developer Conference ကို မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ ၂၀၁၁ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုနှစ်ကျင်းပသည်မှာ ငါးကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ဘာစီလိုနာတို့ အိမ်ကွင်းမှာ နိုင်ပွဲဆက်ဦးမယ့် လာလီဂါပွဲစဉ် (၁၃)



စပိန်လာလီဂါပွဲစဉ်(၁၃)ကို နိုဝင်ဘာ ၂၈ ရက်ညနဲ့ ၂၉ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အသင်းကြီးတွေဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့အတွက် အခုပွဲစဉ်မှာ ခက်ခဲတဲ့ရင်ဆိုင်မှုကို ကြုံတွေ့ရမှာဖြစ်သလို အမြဲတမ်း ခြေကုန်ဖွင့်ကစားရတဲ့ ပြိုင်ဘက်တွေနဲ့တွေ့ဆုံရမှာမို့ ပွဲမချောင်ပါဘူး။ ဒါပေမယ့် ပွဲတိုင်းရမှတ်အပြည့်ရအောင် အားထုတ်နေတဲ့ အသင်းကြီးတွေပဲ ဒီတစ်ပတ်မှာ အောင်ပွဲခံဖို့ ဖြစ်လာဦးမှာပါ။

**ဘာစီလိုနာနှင့် ဆိုစီဒက်**

ရီးရဲမက်ဒရစ်ကို အဝေးကွင်းမှာ ဂိုးပြတ်နှိပ်ကွပ်ပြီး ခြေစွာတဲ့ ရီးမားနဲ့ပါ ရင်ဆိုင်ဖြတ်ကျော်ခဲ့ရတဲ့ ဘာစီလိုနာတို့က အခုပွဲမှာ ဆိုစီဒက်နဲ့ ဆုံတွေ့တာဟာ ရင်မောစရာပွဲတွေကို ဆက်တိုက်ကြုံတွေ့နေရတာ ဖြစ်ပါတယ်။ ဆိုစီဒက်နဲ့ ဆုံတိုင်း ဘာစီလိုနာတို့ ရှုံးပွဲကြုံတွေ့တတ်တာကြောင့် ဒီပွဲကို သေသေချာချာပြင် ဆင်ကစားမှရပါလိမ့်မယ်။ ဆိုစီဒက်နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့မှတ်တမ်း ကိုကြည့်ရင် ဆိုစီဒက်က နှစ်ပွဲနိုင်ပြီး ဘာစီလိုနာက တစ်ပွဲနိုင်ထားပါတယ်။ ဒါပေမယ့် အခုပွဲက ဘာစီလိုနာကွင်းမှာဖြစ်တဲ့အပြင် လူစုံပါဝင်လာမယ့် တိုက်စစ်ကို ဆိုစီဒက်တို့ ဟန့်တားဖို့မလွယ်ပါဘူး။ သုံးမှတ်ဆိုတာ ဘာစီလိုနာတို့အတွက်ပဲ ဖြစ်မှာပါ။

